ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 15 April 2021 ၁၀၃၄၈

# မဟာသင်္ကြန်(အကျနေ့)တွင် နေပြည်တော်၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများ၊ အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကား

နေပြည်တော် ဧပြီ ၁၄

၂၀၂၁ ခုနှစ် ဧပြီ ၁၄ ရက် (၁၃၈၂ ခု တန်ခူးလဆန်း ၃ ရက်) မြန်မာ့ရိုးရာ မဟာသင်္ကြန်(အကျနေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများ၊ အေးချမ်းပျော်ရွှင်စွာရေကစားကြသူများနှင့် အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်။



ပျဉ်းမနားမြို့၌ မဟာသင်္ကြန်(အကျနေ့)တွင် ပျော်ရွှင်စွာ ရေပက်ကစားကြသူများကို တွေ့ရစဉ်။

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုဇယ ဓာတ်ပေါင်းစုစေတီတော်၊ လေ့ခွင်းတောင်ဘုရား၊ အခြားတန်ခိုးကြီးဘုရားများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် တရားဘာဝနာပွားများအားထုတ်ကြသူများ၊ သီတင်းသီလဆောက်တည်ကြသူများနှင့် ဘုရားရေသပ္ပာယ်ကြသူများလည်း များပြားခဲ့သည်။

**စည်ကားများပြားလျက်ရှိ**

ထို့ပြင် နေပြည်တော်အတွင်းရှိ အထင်ကရနေရာများဖြစ်သည့် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စုအတွင်းရှိ လေ့ခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း၊ ကျည်တောင်ရေဆိပ်နှင့် အဝေရာဆည်တို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း အပန်းဖြေ ကမ်းခြေစခန်းများတွင် ပြည်သူများ စိတ်လက်ချမ်းသာ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ လှည့်ကင်းများဖြင့် စောင့်ရှောက်မှုပေးခြင်း၊ အပန်းဖြေအနားယူနေကြစဉ်အတွင်း အန္တရာယ်မရှိစေရေးအတွက် သတိပေးနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

နေပြည်တော် ဧပြီ ၁၄

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

နေပြည်တော် ဧပြီ ၁၄

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကြေးမုံ

# နှစ်သစ်ကူးသင်္ကြန်မင်္ဂလာအခါ ကုသိုလ်ကောင်းမှုများပွားစီး

တန်ခူးလသင်္ကြန်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သည်။ သမိုင်းကြောင်းရှည်လျားသည့် အစဉ်အလာမပျက်ပွဲတော်ဖြစ်သည်။ မြန်မာလူမျိုးများအားလုံး စိတ်အားထက်သန်စွာ ပါဝင်ဆင်နွှဲကြသည့် ပွဲတော်ဖြစ်သည်။ ထိုပွဲတော်ကို ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ကြိမ်၊ ၂၀၂၁ ခုနှစ် နိုင်ငံအတွင်း မတည်မငြိမ်ဆူပူဆန္ဒပြမှုများကြောင့် ယခုတစ်ကြိမ် ရှေးအစဉ်အလာမှ သွေဖည်သွားခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

၂၀၂၁ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလတွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းလာသဖြင့် နိုင်ငံတော်က နေအိမ်တွင်သာနေထိုင်ရေး အစီအစဉ်ကို ပယ်ဖျက်ပေးခဲ့သော်လည်း နိုင်ငံအေးချမ်းမှုမှာ တည်ငြိမ်စသာရှိသေးခြင်း၊ ပြည်သူလူထုကြားတွင် စိုးရိမ်ပူပန်မှုရှိနေခြင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို မလိုလားသောသူများက ယဉ်ကျေးသောသင်္ကြန်ကို တော်လှန်သောသင်္ကြန်အဖြစ် အမျိုးမျိုးပုံဖော်ရန် ကြံစည်နေကြခြင်းတို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်အစဉ်အလာမှာ မှေးမှိန်နေသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်၏ အနှစ်သာရမှာ တစ်နှစ်မှတစ်နှစ်သို့ ကူးပြောင်းခြင်းကို အတာရေဖြင့် ပက်ဖျန်းကြိုဆိုခြင်း၊ နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောခြင်း၊ ပူပြင်းသောတန်ခူးလ နွေရာသီကာလ၌ သင်္ကြန်ရေအေးပက်ဖျန်းခြင်းဖြင့် အပူဒဏ်ကို သက်သာစေခြင်း စသည့် ကောင်းမြတ်သော အစဉ်အလာများကိုပြုလုပ်ကြခြင်းဖြစ်သည်။ ထိုအစဉ်အလာကောင်းများကို မျက်ကွယ်ပြု၍ အစဉ်အလာကို ဖီလာဆန့်ကျင်ပြုကာ မကောင်းသော နှလုံးသွင်းမှုများကို ပြုလုပ်ကြခြင်းသည် သင်္ကြန်၏ ကူးပြောင်းခြင်းမင်္ဂလာ ဆိတ်သုဉ်းခြင်းပင်ဖြစ်သည်။

တစ်နည်းအကောင်းဘက်မှ ရှုမြင်မည်ဆိုလျှင် အပျော်လွန်ကျူး၍ အပျက်ဆောင်သည့် အကုသိုလ်အမှုများ ကင်းဝေးသွားသည်ဟု ဆိုချင်သည်။ အမှန်တကယ်တွင် သင်္ကြန်ကာလရေပက်ဖျန်းခြင်းသည် အေးစေ၊ လန်းစေရန်အတွက်သာဖြစ်ပြီး အဓိကအနှစ်သာရမှာ မင်္ဂလာရှိသောနှစ်သစ်သို့ ကူးပြောင်းရောက်ရှိရန်အတွက် ကောင်းသောကုသိုလ်အမှုအမျိုးမျိုးကို ပြုလုပ်ကြခြင်းဖြစ်သည်။ ကုန်လွန်ခဲ့သောနှစ်များက မြန်မာတို့၏ သင်္ကြန်ကာလများကို ပြန်ကြည့်လျှင် ရေသဘင်ပွဲဆင်နွှဲကြရာ၌ များသောအားဖြင့် အရက်သေစာသောက်စားပျော်ပါးကြရာ ရေသဘင်ပွဲအစား အရက်သဘင်ပွဲဟုပင် ထင်မှတ်ခဲ့ရသည်။

မြန်မာနိုင်ငံတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ပါးလျားလာသောအခါတွင် သင်္ကြန်ပွဲတော်၌ မိန်းကလေး၊ ယောကျ်ားလေး အထူးသဖြင့် အရှက်အကြောက်ကြီးခဲ့သော မိန်းကလေးများပင် အရှက်အကြောက်တရားကင်းမဲ့လာပြီး အရက်သေစာများကို ပါဝင်သောက်စားလာကြကာ မောင်နှင့် နှမ၊ သားနှင့် အမိ အမြင်မတင့်ဖွယ်လူဘုံအလယ်တွင် ပျော်ပါးလာကြသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် လူကြီးသူမများက မိမိတို့သားသမီးများအတွက် သင်္ကြန်ကာလရောက်မည်ကိုပင် စိုးရိမ်ပူပန်လာကြသည်။ ယခုအခါစိုးရိမ်ပူပန်စရာမလိုတော့ပြီ။ ကောင်းသောကုသိုလ်များကိုသာ စိတ်ချလက်ချပွားများနိုင်ပြီဖြစ်သည်။

နှစ်သစ်မင်္ဂလာအခါကာလသို့ရောက်တိုင်း ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ရဟန်းခံရှင်ပြုခြင်း၊ အလှူဒါနပေးဝေခြင်း၊ သက်ကြီးပူဇော်ခြင်း၊ ဇီဝိတဒါန အသက်ဘေးမဲ့ပေးခြင်း၊ ဘုရား၊ ရဟန်း၊ သံဃာတော်များအား လှူဒါန်းပူဇော်ခြင်း၊ ဘုရားကျောင်းကန်များတွင်ကောင်းမှုကုသိုလ်ပြုခြင်း စသည့်ကောင်းသောအစဉ်အလာများကို ထုံမွှမ်းနေအောင် ပြန်လည်တည်ဆောက်ကြရမည်ဖြစ်သည်။ နှစ်ဟောင်းကို အတာရေဖြင့် ဆေးကြောသန့်စင်ရုံဖြင့် အညစ်အကြေးများ စင်ကြယ်သွားမည်မဟုတ်ပေ။ အမှန်တကယ်တွင် မိမိတို့၏ ကိုယ်စီကိုယ်စီ စိတ်ထားများကို စင်ကြယ်အောင်၊ မွန်မြတ်အောင် ပြုပြင်မှသာ မင်္ဂလာရှိသောနှစ်သစ်ကို ဖြတ်သန်းနိုင်ကြမည်ဖြစ်သည်။

ပြီးခဲ့သည့် ကုန်ဆုံးခဲ့သောနှစ်ကာလများတွင် ပြည်သူအပေါင်းတို့အနေဖြင့် လောက၏ မတည်ငြိမ်သော ရိုက်ခတ်မှုအမျိုးမျိုးတို့ကြောင့် မပြေလည်မှုများ၊ စိတ်ညစ်ညူးစရာများ၊ စိတ်ဆင်းရဲစရာများ၊ မွန်းကျပ်မှုများကို အကြောင်းခံကာ လောဘ၊ ဒေါသ၊ မောဟစသည့် အကုသိုလ်တရားများ ဖုံးလွှမ်းခဲ့သည်မှာ မငြင်းနိုင်သောအချက်များဖြစ်သည်။ နှစ်သစ်တွင် မင်္ဂလာရှိစွာ၊ ကောင်းမွန်စွာဖြတ်သန်းနိုင်ရန်အတွက် နှစ်ဟောင်းမှအညစ်အကြေးများကို ကောင်းမှုများဖြင့်ဆေးကြောသင့်သည်။ ကောင်းမှုများဖြင့်ကောင်းသောစိတ်ထားများ ပြန်လည်မွေးမြူကာ ကောင်းသောဘဝများသို့ ပြန်လည်တက်လှမ်းသင့်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်သည် သင်္ကြန်ရေကစားခြင်းသက်သက်မဟုတ်ပါ။ ရေကစားခြင်းထက်ကောင်းသောအမှုများ၊ ကောင်းသောယဉ်ကျေးမှုအစဉ်အလာများ ပြန်လည်ဖန်တီး၍ ရှေးအစဉ်အလာကောင်းများကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ (၈) တွင် ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှုများကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းကို ဖြစ်စေနိုင်သည့် အကြောင်းအရာများကိုသော်လည်းကောင်း ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း မပြုရန် ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် ပုံနှိပ်စက်များ၊ ပုံနှိပ်တိုက်များ၊ Digital Printing Machine များဖြင့် လုပ်ငန်းဆောင်ရွက်သည့် ဗီနိုင်းပုံနှိပ်လုပ်ငန်းများ၊ အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော သတင်းအေဂျင်စီများသည် အထက်ဖော်ပြပါ စည်းကမ်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာများကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် ဧပြီ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ ၃ စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www.issuu.com/myanmarnewspaper ၊ https://www.moi.gov.mm/mal ၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **စာပြင်** | - | ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | | | |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော် | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | | | |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | | | |

# အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ခြင်းသာဖြစ်ပြီး အာဏာသိမ်းခြင်းမဟုတ်

မဲစာရင်းမသမာမှုကိစ္စကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရှင်းလင်းပေးရန် ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှုမရှိခဲ့ကြောင်း၊ တပ်တွင်းမဲရုံများ ပြင်ပ၌ထားရှိရန်ကိစ္စကိုလည်း မိမိအနေဖြင့် ချက်ချင်းသဘောတူခဲ့ကြောင်း၊ သို့သော်လည်း တပ်မဲရုံများပါဝင်သည့် မြို့နယ်၏ မဲစာရင်းအားကြည့်ရှုရန် တောင်းခံသည့်အခါ မပေးခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ဖွဲ့စည်းပြီးနောက် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ မြို့နယ် ၉၈ မြို့နယ်တွင် မဲစာရင်းများ စစ်ဆေးဆောင်ရွက်ခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မဲစာရင်းနှင့် လဝက မဲစာရင်း ၄ သန်းလောက်ကွာခြားနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးထားသူ ၁ သန်းကျော်ရှိပြီး ၉၈ မြို့နယ်အတွင်း မဲလက်မှတ်များ ရေတွက်ကြည့်ချိန်တွင် ထုတ်ယူမှု ၁၄ သန်းကျော်ရှိသော်လည်း အသုံးပြုမှု ၉ သန်းကျော်ရှိကြောင်း၊ မဲလက်မှတ် ၅ သောင်းကျော် ပျောက်ဆုံးနေသည်ကိုတွေ့ရကြောင်း၊ တပ်မတော်မှ တွေ့ရှိခဲ့သည့် မဲမသမာမှုနှင့်စပ်လျဉ်း၍ ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးကိုခေါ်ယူ၍ ဖြေရှင်းပေးရန် စာပို့ခဲ့သော်လည်း ဥပဒေအရ ဆောင်ရွက်၍မရဟု အကြောင်းပြခဲ့ကြောင်း၊ အဓိကမှာ လွှတ်တော်ကျင်းပမှုကို ရက်ရွှေ့ပေးရန် တတိယအဖွဲ့အစည်းတစ်ခု အပါအဝင် စစ်ဆေးရေးအဖွဲ့ဖြင့် မဲစာရင်းစစ်ဆေးရန် တောင်းဆိုခဲ့သော်လည်း လက်မခံခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယာယီသမ္မတ၏ တာဝန်ပေးချက်အရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ခြင်းသာဖြစ်ကြောင်း၊ အာဏာသိမ်းခြင်း မဟုတ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်ပြေးဆွဲ

**နေပြည်တော် ဧပြီ ၁၄**

ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

**လာရောက်ဝတ်ပြုလျက်ရှိ**

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရှိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။

၎င်းအပြင် သင်္ကြန်ကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ လှေခွင်းတောင်အပန်းဖြေစခန်း၊ ပျဉ်းမနားမြို့နယ်ရှိ အဝေရာဆည်၊ ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ငပလီကမ်းခြေ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေ အပါအဝင် အခြားအပန်းဖြေနေရာများကိုလည်း ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် စားသောက်ဆိုင်များ၊ ဟိုတယ်၊ မိုတယ်များကိုလည်း ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ပေးလျက်ရှိရာ လာရောက်အပန်းဖြေအနားယူနေသော ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

လှေခွင်းတောင်ကမ်းခြေအပန်းဖြေစခန်းသို့ လာရောက်အနားယူအပန်းဖြေသူတစ်ဦးက "ပျဉ်းမနားမြို့ကနေ လာရောက်အနားယူအပန်းဖြေတာပါ။ လှေခွင်းတောင်ကမ်းခြေမှာ လာရောက်အပန်းဖြေကြတဲ့သူတွေ များပြားတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်။ ကျွန်တော်က ဝန်ထမ်းဆိုတော့ အခုလိုရုံးပိတ်ရက်တွေမှာ မိသားစုနဲ့အတူ အပန်းဖြေအနားယူခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာရပါတယ်။ လှေခွင်းတောင်အပန်းဖြေစခန်းက တာဝန်ရှိသူတွေက လာရောက်လည်ပတ်သူတွေ အန္တရာယ်မဖြစ်ပေါ်စေဖို့အတွက် စောင့်ကြပ်ကြည့်ရှုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီနှစ်သစ်မှာ မြန်မာပြည်သူပြည်သားတွေ အေးချမ်းပျော်ရွှင်နိုင်ကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် "ဟု ပြောသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌လည်း မဏ္ဍပ်ငယ်များဆောက်လုပ်၍ ရေပက်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ မိသားစုလိုက် ရေပက်ကစားကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် မြန်မာသက္ကရာဇ် နှစ်တစ်နှစ်ကုန်ဆုံးပြီး နှစ်သစ်၏ အေးချမ်းမှုကိုရရှိစေရန်၊ နှစ်ဟောင်းမှအညစ်အကြေးများ ကင်းစင်လွင့်ပျောက်စေပြီး နှစ်သစ်သို့ မပါလာစေရန် ရည်ရွယ်၍ ရေစင်သွန်းလောင်းကြခြင်းဖြစ်သည်နှင့်အညီ နှစ်ဟောင်းမှအညစ်အကြေးများကို သင်္ကြန်ရေဖြင့် တစ်ဦးကိုတစ်ဦး ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းဆေးကြောပျော်ရွှင်စွာ ရေကစားကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုလည်းဖြစ်သည်။

**သတင်း-နိုင်အောင်၊ ဓာတ်ပုံ-အေးထိန်**

## တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်အား ပျော်ရွှင်စွာဆင်နွှဲလျက်ရှိ

**နေပြည်တော် ဧပြီ ၁၄**

ဧပြီ ၁၃ ရက် မြန်မာသက္ကရာဇ် ၁၃၈၂ ခု နှောင်းတန်ခူးလဆန်း ၂ ရက် မဟာသင်္ကြန်အကြိုနေ့နှင့် ယနေ့အကျနေ့တို့တွင် မြန်မာ့ရိုးရာအစဉ်အလာတစ်ခုဖြစ်သည့် မဟာသင်္ကြန်ပွဲတော်ကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ယိမ်းအကအဖွဲ့များနှင့် ဒေသခံပြည်သူများက ပျော်ရွှင်စည်ကားသိုက်မြိုက်စွာဖြင့် အတာရေသင်္ကြန်ပွဲတော်ကို ဆင်နွှဲခဲ့ကြသည်။



**ပျော်ရွှင်စွာဆင်နွှဲ**

ထိုသို့ ဆင်နွှဲလျက်ရှိရာတွင် တိုင်းစစ်ဌာနချုပ် အသီးသီး၌ တပ်ရင်း/တပ်ဖွဲ့များမှ ယိမ်းအဖွဲ့များက စုပေါင်းညီညာစွာ ကပြဖျော်ဖြေခြင်း၊ ကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့များကို သပြေခက်ဖြင့် အတာရေသင်္ကြန် ပက်ဖျန်းခြင်း၊ ပျော်ရွှင်စွာ ရေကစားလျက်ရှိကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံပြည်သူများကို စတုဒိသာများ ကျွေးမွေးခြင်း၊ ပျော်ရွှင်စွာ ရေပက်ကစားခြင်းတို့ဖြင့် အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တက္ကသိုလ်ကျောင်းပေါင်းစုံ ကျောင်းသား ကျောင်းသူများ၏ ရခိုင်ရိုးရာနံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ မေ ၁၄**

တက္ကသိုလ်များ သာရေး၊ နာရေးအသင်း(စစ်တွေ) ကျောင်းသား ကျောင်းသူများက ဦးဆောင်ပြီး တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ ပူးပေါင်းကာ ရခိုင်ရိုးရာနံ့သာသွေးပွဲတော်ကို မေ ၁၂ ရက် ညနေပိုင်းက စစ်တွေမြို့ရှုပမြောက်ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

တက္ကသိုလ်ကျောင်းပေါင်းစုံ ကျောင်းသား ကျောင်းသူများ၏ ရခိုင်ရိုးရာနံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲကို ကျောင်းသား ကျောင်းသူများ အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု ရရှိလာစေရန်၊ ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းမြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များနှင့် ရခိုင်ရိုးရာနံ့သာ သွေးပွဲတော်ကို နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိသည်။

**ဘုရားရေသပ္ပာယ်**

တက္ကသိုလ်ကျောင်းပေါင်းစုံ ကျောင်းသား ကျောင်းသူများသည် မေ ၁၃ ရက် သင်္ကြန်အကြိုနေ့တွင် နံ့သာသွေးပွဲမှရရှိလာသော နံ့သာရည်များနှင့် အတူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ အလှူထည့်ဝင်ငွေများဖြင့် စုပေါင်းပြီး စစ်တွေမြို့လမ်းမကြီးတစ်လျှောက်လှည့်လည်ကာ စစ်တွေမြို့ ပညာလင်္ကာရဘုန်းတော်ကြီးကျောင်းရှိ ဘုရားဆင်းတုတော်များကို ဘုရားရေသပ္ပာယ်ခြင်း၊ ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ



ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် စစ်တွေမြို့နယ်တွင် ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် နံ့သာသွေးပွဲတော်ကို ရိုးရာစဉ်လာမပျက်ကျင်းပခြင်းနှင့် ဘုရားရေသပ္ပာယ်ခြင်းတို့ကို ကျင်းပကြသည်။

ရခိုင်လူမျိုးတို့သည် ရခိုင်ဓလေ့ရိုးရာ ထုံးတမ်းစဉ်လာအရ ဘုရားရေသပ္ပာယ်ပြီးမှ သင်္ကြန်ရေသဘင်ပွဲကို ဆင်နွှဲကြလေ့ရှိသည်။ ဘုရားရေသပ္ပာယ်ပွဲကို သင်္ကြန်အကျနေ့တွင် ကျင်းပကြပြီး သင်္ကြန်အကြိုနေ့တွင် ဘုရားရေသပ္ပာယ်ရန် နံ့သာသွေးပွဲတော်ကို ကျင်းပကြသည်။ နံ့သာသွေးပွဲကို အသင်းအဖွဲ့အလိုက်၊ အုပ်စုလိုက်၊ ရပ်ကွက်လိုက် ကျင်းပကြပြီး လုပျိုဖြူများက ကျောက်ပျဉ်များ ယူဆောင်ကာ စုရပ်သို့လာကြသည်။ ထို့နောက် အမွှေးနံ့သာနီ၊ နံ့သာဖြူ၊ ကရမက်တို့ဖြင့် ပျော်ပျော်ပါးပါးနံ့သာသွေးကြသည်။ လုပျိုဖြူများ နံ့သာသွေးနေချိန်တွင် ကာလသားလူပျိုများက ရိုးရာဆိုင်းဝိုင်းနှင့် ရခိုင်ရိုးရာသံချပ်များ သီဆိုကခုန်ရင်း ပျော်ရွှင်ကြသည်။ လူကြီးများကလည်း အဖျော်ရည် ရိုးရာမုန့်များဖြင့် ဧည့်ခံကျွေးမွေးကြသည်။

သင်္ကြန်အကျနေ့တွင် ဘုရားစေတီပုထိုးများသို့ ဘုရားရေသပ္ပာယ်ရန် ရခိုင်မင်္ဂလာစည်တော်များ တီးခတ်၍လည်းကောင်း၊ ရခိုင်သူလုပျိုဖြူများက ရိုးရာဝတ်စုံများ ဆင်မြန်းပြီး အမွှေးနံ့သာရည်များ၊ လှူဖွယ်ဝတ္ထုများ ကိုင်ဆောင်၍လည်းကောင်း၊ နွားလှည်းပေါ်တွင် ရိုးရာဆိုင်းဝိုင်းက တီးမှုတ်ရင်း ကာလသားလူပျိုများက သံချပ်များ သီဆိုကခုန်ကာ သွားကြကြောင်း သိရသည်။ ဘုရားစေတီသို့ရောက်လျှင် လူပျိုကာလသားများက ဘုရားရေသပ္ပာယ်ခြင်း၊ ရဟန်းသံဃာများကို လှူဖွယ်ဝတ္ထုများကပ်လှူခြင်း၊ သီလခံယူခြင်းများကိုပြုလုပ်ကြပြီး ဘုရားစေတီပုထိုးများမှ အပြန်တွင် စတင်၍ရေလောင်းကြပါသည်။ ဘုရားရေသပ္ပာယ်ရန်အသွားတွင် ရေလောင်းခြင်း မရှိဘဲ ဘုရားရေသပ္ပာယ်၍ ပြန်လာကြပြီးမှသာ ရိုးရာယဉ်ကျေးမှုများနှင့်အညီ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို စတင်၍ဆင်နွှဲကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-တင်ထွန်း(ပြန်/ဆက်)**



# မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့ပေါ်ရှိ လမ်းများအား ပရိတ်ရေပက်ဖျန်းပေးလျက်ရှိ

**ရန်ကုန် မေ ၁၄**

ယနေ့သည် ၁၃၈၂ ခုနှစ် မဟာသင်္ကြန်အကျနေ့ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ပေါ်ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးနှင့် စိတ်အေးချမ်းသာစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ အဓိကလမ်းမကြီး ၂၈ ခုတွင် ရေကားများဖြင့် ပရိတ်ရေများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်းများပိတ်ဆို့ထားခြင်းနှင့် အစိုးရဆန့်ကျင်စာသားများ ဆက်လက်ရှင်းလင်းဆောင်ရွက်

**ရန်ကုန် မေ ၁၄**

ရန်ကုန်မြို့အတွင်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများက အများပြည်သူသွား လမ်းများပေါ်တွင် လမ်းပိတ် အတားအဆီးများ ပြုလုပ်ထားခြင်းအား ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများက ယန္တရားများ၊ မြေသယ်ယာဉ်များ အသုံးပြုကာ ဖယ်ရှားရှင်းလင်းခြင်းနှင့် အစိုးရဆန့်ကျင်စာသားများကိုဆေးဖြင့် ရေးဆွဲထားခြင်း၊ နံရံများ၊ တံတိုင်းများတွင် ကပ်ထားခြင်းအား စည်ပင်သာယာဝန်ထမ်းများက ဖျက်သိမ်းရှင်းလင်းခဲ့ကြောင်း သိရသည်။



ထိုသို့ရှင်းလင်းရာတွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဦးဘဟန်လမ်းသွယ် ခိုင်ရွှေဝါလမ်း၊ ရွှေဝါခိုင်လမ်း၊ ဦးရေခဲလမ်း၊ ဘောဂသိဒ္ဓိလမ်း၊ ဒေါ်လှပန်းလမ်း၊ ဦးဘအိုးကွင်းပိုင်လမ်းနှင့် ဒေးဗစ်ရွှေနုလမ်း၊ ကမာရွတ်မြို့နယ် လှည်းတန်း(၆)လမ်း၊ ပတ္တမြားလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိသံပန်းတံခါးများနှင့် သဲအိတ်များအား ဖယ်ရှားရှင်းလင်းခဲ့ကြောင်းနှင့် ကမာရွတ်မြို့နယ် လှည်းတန်းလမ်းကျောင်းရှေ့မှတ်တိုင်နှင့် အထက (၅)ကျောင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး အနောက်ရပ်ကွက် (၈၈)လမ်း၊ ကန်ရိပ်သာလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကားမှတ်တိုင်များတွင် ရေးသားထားသည့် အစိုးရဆန့်ကျင် စာသားများအား ဖျက်သိမ်း ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့်ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website:https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ် ထုတ်ဝေ

**နေပြည်တော် မေ ၁၄**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါမိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် မတ်လအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် အထိမ်းအမှတ်အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း ၁၇ ပုဒ်ကို စုစည်းဖော်ပြပေးထားသည်။

မတ် ၃ ရက်တွင် ကျင်းပခဲ့သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၁) တွင် "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဒီမိုကရေစီနှင့်ပတ်သက်၍ လည်းကောင်း၊ ဖက်ဒရယ်နှင့်ပတ်သက်၍လည်းကောင်း မည်သို့ပင် အယူအဆအမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့် စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့်ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ရသလို လူနည်းစုဆန္ဒကိုလည်း အလေးထားရန်လိုအပ်ကြောင်း၊ မိမိဆန္ဒနှင့် မကိုက်ညီပါက ရန်သူလို့ သဘောထားပြီး ခွဲခြားဆက်ဆံမှုများ၊ လူမှုဆက်ဆံရေးအရ ပြစ်ဒဏ်ခတ်ပြီး လူ့အသိုင်းအဝိုင်းမှ ဖယ်ကြဉ်ထားခြင်းမျိုးသည် ကျေးပိုင်ကျွန်ပိုင်ခေတ်က လူတန်းစားခွဲခြားသည့် အတွေးအခေါ်များဖြစ်ပြီး ဒီမိုကရေစီနှင့် လုံးဝကိုက်ညီမှုမရှိသည်ကို တွေ့ရကြောင်း၊ ပုဂ္ဂိုလ်ရေးအရ အလွန်အမင်းကိုးကွယ်မှုသည်လည်း လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုများကိုဖြစ်ပေါ်စေပြီး အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနှင့် ခွဲခြားဆက်ဆံမှုများကို မိမိတို့လူ့အဖွဲ့အစည်းအတွင်း မကျင့်သုံးနိုင်အောင် စဉ်းစားဆောင်ရွက်ရန်လိုအပ်ကြောင်း" ပြောကြားသည့် အမှာစကား၊ မတ် ၈ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၅/၂၀၂၁)တွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် စည်းကမ်းပြည့်ဝပြီး အနှစ်သာရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးမည်ဆိုသည့်အချက်ပါဝင်ကြောင်း၊ သို့ဖြစ်၍ အသက်ပြည့်ပြီး မဲပေးခွင့်ရှိသူတိုင်း ဥပဒေနှင့်အညီ မဲပေးနိုင်ရေးအတွက် မှတ်ပုံတင် (သို့မဟုတ်) သက်သေခံကတ်ပြား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသက်ပြည့်သူတိုင်း မဲပေးနိုင်ရေး အထူးစီမံချက်ဖြင့် မှတ်ပုံတင်နှင့် သက်သေခံကတ်ပြားများ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း NCA တွင် လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့် ယင်းအချက်ကို ဦးစားပေးလုပ်ငန်းစဉ်ထဲတွင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း" စသည့် အကြောင်းအရာများအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ မိန့်ခွန်းများ၊ သဝဏ်လွှာများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။




**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရန်ကုန်မြို့ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ
# ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်အတွင်းရှိ အားကစားကွင်း/ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အတူ မေ ၁၂ ရက် နံနက် ၁၁ နာရီတွင် အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်) သင်တန်းသားစားသောက်ဆောင်၌ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဝန်ထမ်းများကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကား ပြောကြားသည်။



### ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဒုတိယဝန်ကြီးသည် ပဲခူးမြို့ တိုင်းဒေသကြီးအားကစားရုံနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ အလေးမလေ့ကျင့်ရေးခန်းနှင့် နှစ်ထပ်အားကစားသမားအိပ်ဆောင် တည်ဆောက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ်ရုံးမှ ဝန်ထမ်းများကို တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပဲခူးမြို့ ဥဿာမြို့သစ်ရှိ အားကစားကွင်းတွင် နှစ်ထပ်ပွဲကြည့်စင်၊ ပတ်လည်အုတ်တံတိုင်းတည်ဆောက်ခြင်းနှင့် မီတာ ၄၀၀ ပြေးလမ်း၊ ဘောလုံးကွင်းပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မေ ၁၃ ရက်တွင် ဝေါမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ်တို့ရှိ အားကစားကွင်း/ ရုံများနှင့် ၎င်းမြို့နယ်များအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်ခရိုင်နှင့် မော်လမြိုင်မြို့နယ်ရုံးမှ ဝန်ထမ်းများကို တွေ့ဆုံနှုတ်ဆက်ပြီး ပြည်နယ်အားကစားကွင်းအတွင်း ငွေကျပ် ၈၇၂ သန်း အကုန်အကျခံ၍ Synthetic ရော်ဘာပြေးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ စားပွဲတင်တင်းနစ်ကလပ်၊ မြို့မကာယဗလကလပ်နှင့် ပြည်နယ်ရုံး၊ ပြည်နယ်အားကစားရုံ၊ ငါးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မွန်ပြည်နယ် အားကစားဥယျာဉ် တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ဒုတိယဝန်ကြီးသည်အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ချုပ်မှုရုံးတွင် ဝန်ထမ်းများကို တွေ့ဆုံနှုတ်ဆက်၍ ကျောင်းဖွင့်ချိန်အမီ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် လေ့ကျင့်ရေးဘောလုံးကွင်း အဆင့်မြှင့်တင်ပြုပြင်မှုအခြေအနေများ၊ 315 KVA ထရန်စဖော်မာတပ်ဆင်ပြီးစီးမှု၊ ဒုတိယကျောင်းအုပ်ကြီး နေအိမ်တည်ဆောက်နေမှုနှင့် အားကစားရုံနှစ်ထပ် လျှာထိုးကြမ်းခင်းပြုလုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကျိုက်မရောမြို့နယ်အားကစားကွင်း လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ ဖူဆယ်အားကစားကွင်းနှင့် မြို့နယ်အားကစားမှူးရုံး တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ရုံး၌ ဝန်ထမ်းများကို တွေ့ဆုံနှုတ်ဆက်စကားပြောကြားကာ ရုံးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းအတွင်း လေးခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုနှင့် အားကစားလေ့ကျင့်ရေးရုံများကို ကြည့်ရှုစစ်ဆေးပြီး ကြက်တောင်အားကစားရုံကြမ်းခင်းပျက်စီးနေမှုများကို ပြုပြင်ရန် မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လှိုင်းဘွဲ့မြို့ အားကစားရုံသစ်တည်ဆောက်နေမှု၊ ကွင်းပတ်လည်အုတ်တံတိုင်းကာရံနေမှုနှင့် အားကစားရုံအဟောင်းတို့ကို လည်းကောင်း၊ ဘားအံမြို့ ပြည်နယ်ညွှန်ကြားရေးမှူးနေအိမ်တည်ဆောက်ရေးလုပ်ငန်းကို လည်းကောင်း၊ သထုံမြို့ ဖူဆယ်အားကွင်းတည်ဆောက်နေမှုနှင့် သထုံမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးနှင့် မြို့နယ်အားကစားမှူးနေအိမ်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဃာတအမုန်းတရားများ ကုန်ဆုံးသည့်တစ်နေ့

............. စာချစ်သူ ..............



၁၉၆၃ ခုနှစ် နိုဝင်ဘာလ (၁၄) ရက်နေ့ တော်လှန်ရေးကောင်စီမှ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ရပ်စဲလိုက်ပြီးနောက် တောတွင်းစခန်းသို့ အပြန် နဝင်းချောင်းအား ဖြတ်ကူးနေသည့် [illegible] အဖွဲ့ဝင်များ

တစ်နေ့က ဆွေမျိုးတော်စပ်သူ အစ်မတစ်ဦး အိမ်အလည်ရောက်လာသည်။ မတွေ့ရသည်မှာ ကြာပြီမို့ ဝမ်းသာအယ်လဲဖြစ်ရသည်။ ဆွေမျိုးရင်းချာတစ်တွေ အာလာပ သလ္လာပ စကားစမြည်ပြောကြဆိုကြရသည်မှာ ကြည်နူးစရာကောင်းလှပေသည်။

သို့တစေ ပြောရင်းဆိုရင်း လက်ရှိမြန်မာ့နိုင်ငံရေးနယ်ထဲသို့ စကားတွေကျွံသွားတော့ သူ၏မျက်နှာသည် အရောင်ပြောင်းသွားလေသည်။ ရဲရဲတောက်နီမြန်းလာသည်။ အမြင်တွေမတူကွဲပြားခြားနားလေသောအခါ သူ၏မျက်နှာနှင့်လေသံသည် ထန်လာ၏။ မာန်လာ၏။ လက်သီးလက်မောင်းတွေ တန်းလာ၏။ သူ့ရင်ထဲက အမုန်းတရားများကား ကြောက်ခမန်းလိလိ။ အံ့သြဖို့ကောင်းသည်မှာ သူတို့တစ်တွေသည် ပုံစံကျတစ်ပုံစံတည်း ဖြစ်နေသည်။ ဆွေမျိုးအရင်းအချာများပေမို့ တော်ပါသေး၏။

"အမုန်းတရားများ" ထိုအာဃာတ အမုန်းတရားများကား မြန်မာပြည်၏ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပိတ်ဆို့နေသော အကြောင်းအရာတစ်ခုဖြစ်သကဲ့သို့ အေးချမ်းသာယာသော မြန်မာပြည်ကို မီးတောက်မီးလျှံများအဖြစ် အဆက်မပြတ်တောက်လောင်ကျွမ်းနေစေရန် မီးထိုးပေးနေသော မီးစာတစ်ခုလည်းဖြစ်နေသည်။

နိုင်ငံရေး၊ လူမျိုးရေး၊ အယူဝါဒအမျိုးမျိုးနှင့် ဂိုဏ်းဂဏအုပ်စုတိုက်ပွဲများမှတစ်ဆင့် ဖြစ်တည်လာခဲ့သော ထိုအာဃာတအမုန်းတရားများကြောင့် မြန်မာပြည်သည် စိန်ခေါ်မှုများ၊ အခက်အခဲအကျပ်အတည်းများနှင့် မကြာခဏဆိုသလို ရင်ဆိုင်ကြုံတွေ့ခဲ့ရလေသည်။

### ကနဦး တံခါးခေါက်သံ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရပြီး မကြာမီ မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ်ပါတီသည် တောခိုလေတော့သည်။ ဧပြီ ၂ ရက်က ဖြစ်ပွားခဲ့သော ပဲခူးခရိုင် ပေါက်ကုန်းကြီးတိုက်ပွဲမှ ပေါ်ထွက်လာသော သေနတ်သံသည် မြန်မာနိုင်ငံ ပြည်တွင်းစစ်၏ ကနဦး တံခါးခေါက်သံဖြစ်လာသည်။

ကွန်မြူနစ်တို့ တောခိုကြလေသောအခါ ပြည်သူ့ရဲဘော်တို့သည်လည်း မတည်မငြိမ်ဖြစ်လာသည်။ ပြီးတော့ ကရင်အမျိုးသားသမဂ္ဂ(ကေအင်ယူ) နှင့် ၎င်း၏ လက်နက်ကိုင်အဖွဲ့ဖြစ်သော ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့(ကေအင်ဒီအို) တို့သည်လည်း လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ ကေအင်ယူတို့သည် ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အင်းစိန်မြို့ကို သိမ်းပိုက်လိုက်ခြင်းအားဖြင့် အစိုးရကို ပေါ်ပေါ်ထင်ထင်ပင် ပုန်ကန်လာကြသည်။ ဇန်နဝါရီလ ၂ ရက်နေ့တွင် တောင်ငူမြို့နှင့် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ပြည်မြို့ကို အတိအလင်း ထပ်မံသိမ်းပိုက်လိုက်ကြပြန်သည်။

ထို့နောက် မော်လမြိုင်၊ သထုံ၊ ညောင်လေးပင်၊ တောင်ငူ၊ မိတ္ထီလာ၊ မန္တလေး၊ ပခုက္ကူ၊ မြင်းခြံ၊ ရေနံချောင်း၊ မင်းဘူး၊ မကွေး၊ ပြည်နှင့် မြစ်ဝကျွန်းပေါ်မှ မြို့ကြီးအချို့တို့သည်လည်း သူပုန်တို့လက်တွင်း သက်ဆင်းခဲ့ရပြန်သည်။ ပုသိမ်မြို့ကြီးကိုပင် သူပုန်တို့သည် နာရီပိုင်းမျှ သိမ်းပိုက်နိုင်ခဲ့ကြသည်။

ဖဆပလအစိုးရ၏ အာဏာစက်သည် ရန်ကုန်၊ ပဲခူး၊ သာစည်၊ စစ်ကိုင်း၊ ရွှေဘို၊ မြစ်ကြီးနားနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ အနည်းငယ်သော ခရိုင်မြို့ကြီးများတွင်သာ ရှိတော့လေသည်။ တပ်မတော်သည် မိမိထက်အဆမတန်များပြားလှသော ရောင်စုံသူပုန်တို့ကို လှေခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်ဖြင့် ရင်မြေကတုတ် တွန်းလှန်ခုခံနေကြရသည်။

"၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်ပိုင်းမှာဆိုလို့ရှိရင် ဒို့မှာစဖွဲ့ကတည်းကိုက တပ်ရင်း ဆယ်ရင်းနဲ့၊ အဲဒီအတွက်သာ ဒို့မှာ လက်နက်ရှိတယ်။ နည်းနည်းပါးပါးပဲရှိတယ်။ ရေတပ်၊ လေတပ်ဆိုတာဟာ လေယာဉ်ပျံက တိုင်းဂါးမောက်နဲ့ ချစ်မန်ခ်တို့ ဒီလောက်ပဲရှိတယ်။ ရေတပ်မှာလည်းပဲ "မေယု" တစ်စင်းတော့ ရှိတာပေါ့လေ။ ကြီးကြီးထဲက၊ ကျန်တာတွေကတော့ အမ်အယ်ရှစ်စင်းလား၊ ဆယ်စင်းလား ဒါပဲရှိတယ်။ ရေတပ်တို့ လေတပ်တို့ဆိုတာကတော့ ဒို့မှာ တိုးဖို့ငွေလည်းမရှိ၊ ရှိတာနဲ့ပဲ တိုက်ကြတယ်" ဟု ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၈ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော တပ်မတော်တပ်မှူးများညီလာခံတွင် သတိတရ ပြန်ပြောင်းပြောဆိုခဲ့လေသည်။

### တန်ပြန်ထိုးစစ်

တပ်မတော်သည် ထိုကဲ့သို့ လူအင်အား၊ လက်နက်အင်အား ချို့တဲ့နည်းပါးလှသည့်ကြားက ရောင်စုံသူပုန်များအား အကြိတ်အနယ် ပြန်လည်ခုခံနေခဲ့ရာမှ တစ်စတစ်စ တန်ပြန်ထိုးစစ်ကို ဆင်နွှဲနိုင်ခဲ့လေသည်။

အသက်ပေါင်းများစွာပေးဆပ်၍ ၁၉၄၉ ခုနှစ်အတွင်း ရန်သူတို့လက်မှ မိတ္ထီလာ၊ မေမြို့(ပြင်ဦးလွင်)၊ အင်းစိန်၊ မန္တလေး၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ရေနံချောင်း၊ တွံတေး၊ သထုံ၊ မလှိုင်၊ သာယာဝတီ၊ လက်ပံတန်း၊ လားရှိုး၊ သိန္နီ၊ လှိုင်လင်၊ သုံးခွ၊ ခရမ်း၊ ညောင်တုန်း၊ တောင်ကြီး၊ ဓနုဖြူနှင့် စာဘူးတောင်းမြို့များကိုလည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်အတွင်း ကျောက်ပန်းတောင်း၊ ကွမ်းလုံ၊ ပွဲနံတန်ဆာ၊ ညောင်လေးပင်၊ ဖြူးနှင့် တောင်ငူမြို့များကိုလည်းကောင်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့လေသည်။

သို့တစေ လွတ်လပ်စ မြန်မာပြည်၏ ဆုံးရှုံးမှုတန်ဖိုးက ကြီးမားလွန်းလှပေသည်။ အမေရိကန်စာရေးဆရာကြီးရစ်ချတ်ဘတ်ဝဲလ်က "၁၉၄၈၊ ၄၉၊ ၅၀ ခုနှစ်များအတွင်း မြန်မာပြည်သည် ပြည်တွင်းစစ်ကြောင့် စိုက်ပျိုးနိုင်သော မြေဧရိယာ၏ ၃၅ ရာခိုင်နှုန်းတို့ ကောခဲ့ရသည်။ လူဦးရေ သုံးသန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။ ပြည်သူပြည်သားနှစ်သောင်းနှစ်ထောင်နှင့် အစိုးရဘက်မှ စစ်ဘက်နယ်ဘက် အမှုထမ်းပေါင်း ငါးထောင့်ခုနှစ်ရာတို့ အသက်ဆုံးရှုံးကြရသည်။ ပြည်သူပိုင်ပစ္စည်း တန်ဖိုးဒေါ်လာငါးသန်း၊ ပြည်သူပြည်သားတို့၏ ကိုယ်ပိုင်အိုးအိမ်ပစ္စည်းတန်ဖိုး ဒေါ်လာ ကိုးဆယ့် ငါးသန်း ဆုံးရှုံးခဲ့ရသည်"ဟု သူ၏စာအုပ်တွင် ဖော်ပြခဲ့လေသည်။

သို့ရာတွင် မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များနှင့် တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များသည် နိုင်ငံရေးသံဝေဂရယူနိုင်ခြင်း မရှိခဲ့ပေ။ အံ့သြဖွယ်ကောင်းသည်မှာ နိုင်ငံရေးသမားအချို့သည် ဂိုဏ်းဂဏစိတ်ကို အခြေခံသော ထိုအာဃာတအမုန်းတရားများကို မျိုးဆက်အဆက်ဆက်ထံ လွှဲပြောင်းဆက်ခံစေခဲ့ပြန်သည်။

ပြည်တွင်းပြည်ပမီဒီယာအချို့နှင့် ဂျာနယ်လစ်ဟုဆိုကြသူ အချို့တို့မှာလည်း ဆင်ခြင်တုံတရားကင်းမဲ့စွာ အတိတ်ကဖြစ်ပေါ်ခဲ့ဖူးသော နိုင်ငံရေးအကျပ်အတည်းများ၊ နိုင်ငံရေးပဋိပက္ခ အရေးအခင်းများကို ပြန်ပြောင်းလက်ညှိုးထိုး၍ ဘာနေ့၊ ညာနေ့၊ ဘာအခမ်းအနား၊ ညာအခမ်းအနားဟုဆိုကာ အစဉ်တစိုက် လှုံ့ဆော်ဖော်ပြလေ့ရှိကြပြန်သည်။ သူတို့သည် အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်ကြရမည့်အစား အမာရွတ်၊ အနာဟောင်းကို အသစ်တစ်ဖန် ပြန်လည်တူးဆွ၍ မြန်မာ့အနာဂတ်ကို အဆိပ်ခပ်မြဲ၊ ခပ်ဆဲ၊ ခပ်ပြီးရင်း ခပ်နေကြလေသည်။

### သွေးထိုးလှုံ့ဆော်နေကြ

ပစ္စက္ခကာလတွင်လည်း အမြော်အမြင်နည်းပါးသူ နိုင်ငံရေးသမားအချို့သည် လက်ရှိမြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်နှင့် ပတ်သက်၍ မျိုးဆက်သစ်လူငယ်ထုကိုသာမက အနာဂတ်၏ အညွန့်အဖူးများဖြစ်ကြသည့် ကလေးသူငယ်များကိုပင်မချန် ထိုအာဃာတ အမုန်းတရားများကို မျိုးစေ့ကြဲချကာ သွေးထိုးလှုံ့ဆော်နေကြပြန်သည်။

တစ်ဖက်တွင်လည်း လူငယ်တို့၏ လူငယ်ဘာဝ စွန့်လွှတ်စွန့်စားလိုစိတ်၊ မဟုတ်မခံသောစိတ်၊ လောကကြီးကို စူးစမ်းလိုစိတ်၊ တက်ကြွသောစိတ်တို့ကို အခွင့်ကောင်းယူ၍ လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းဆီသို့ တွန်းပို့လျက်ရှိပြန်သည်။

ထိုအာဃာတအမုန်းတရားများကား ဘယ်တော့ ကုန်ဆုံးလေမည်နည်း။

ဘယ်သောအခါမှ လွန်မြောက်နိုင်မည်နည်း။

ထိုအာဃာတအမုန်းတရားများ ကုန်ဆုံးသည့်တစ်နေ့-----

မြန်မာ့သမိုင်းတွင် မကြုံစဖူး ထူးထူးကဲကဲဟုဆိုရမည့် ပြည်သူ့အရေးတော်ပုံပါတီ၊ ဗမာ့တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ အာရှလူငယ်တို့နှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားတို့၏ စုစည်းညီညွတ်မှုအားမာန်အပြည့်ဖြင့် ဆင်နွှဲခဲ့ကြသော မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုခေတ်ကာလကဲ့သို့နှယ် တစ်တိုင်းပြည်လုံး သွေးစည်းညီညွတ်လာနိုင်မည့် တစ်နေ့-----

အမျိုးသားရင်ကြားစေ့ရေး အမှန်တကယ်ဖြစ်တည်လာသည့် တစ်နေ့ဝယ်----

ရေခံ မြေခံနှင့် အခွင့်အလမ်းကောင်းများ လက်ဝယ်ရှိနေသော မြန်မာသည် ဒေသတွင်း၌ နောက်ထပ်ကျားတစ်ကောင်အဖြစ် ထွက်ပေါ်လာပါလိမ့်မည်။ အားမာန်အပြည့်ဖြင့် နိုးထဟစ်ကြွေး နိုင်ပေလိမ့်မည်။ ။

မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များနှင့် တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များသည် နိုင်ငံရေးသံဝေဂရယူနိုင်ခြင်း မရှိခဲ့ပေ။ အံ့သြဖွယ်ကောင်းသည်မှာ နိုင်ငံရေးသမားအချို့သည် ဂိုဏ်းဂဏစိတ်ကို အခြေခံသော ထိုအာဃာတ အမုန်းတရားများကို မျိုးဆက်အဆက်ဆက်ထံ လွှဲပြောင်းဆက်ခံစေခဲ့ပြန်သည်။

ပြည်တွင်း ပြည်ပ မီဒီယာအချို့နှင့် ဂျာနယ်လစ်ဟု ဆိုကြသူအချို့တို့မှာလည်း ဆင်ခြင်တုံတရားကင်းမဲ့စွာ အတိတ်ကဖြစ်ပေါ်ခဲ့ဖူးသော နိုင်ငံရေး အကျပ်အတည်းများ၊ နိုင်ငံရေးပဋိပက္ခအရေးအခင်းများကို ပြန်ပြောင်းလက်ညှိုးထိုး၍ ဘာနေ့ ညာနေ့၊ ဘာအခမ်းအနား၊ ညာအခမ်းအနားဟုဆိုကာ အစဉ်တစိုက် လှုံ့ဆော်ဖော်ပြလေ့ရှိကြပြန်သည်။ သူတို့သည် အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်ကြရမည့်အစား အမာရွတ်၊ အနာဟောင်းကို အသစ်တစ်ဖန် ပြန်လည်တူးဆွ၍ မြန်မာ့အနာဂတ်ကို အဆိပ်ခပ်မြဲ၊ ခပ်ဆဲ၊ ခပ်ပြီးရင်းခပ်နေကြ



## ဘားအံ၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော်ဖွင့်ပွဲ ကျင်းပ

ဘားအံ မေ ၁၄

မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ကရင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက်(သင်္ကြန်အကြိုနေ့) ညနေ ၄ နာရီခန့်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစည်းကမ်းချက်များနှင့်အညီ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးရှေ့ မြက်ခင်းပြင်ရှိ မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မိသားစုများနှင့် ယိမ်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး "နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသည့်အခါသမယဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းများဖြင့် ပြည့်စုံကြပါစေ၊ နှစ်သစ်မှာ စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တွေနဲ့ မိမိအတွက်၊ မိသားစုအတွက်၊ တိုင်းပြည်နဲ့လူမျိုးအတွက် ကြိုးစားစွမ်းဆောင်အလုပ်လုပ်နိုင်မယ့် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နှစ်သစ်ကူး အခါသမယဖြစ်ကြပါစေ၊ ကျွန်တော်တို့ ကရင်ပြည်နယ်ဟာ ရေခံမြေခံကောင်းတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်နယ်တစ်ခုဖြစ်လာဖို့ စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။ ထာဝရတည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်နယ်သူ ပြည်နယ်သားတွေအနေနဲ့ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနဲ့အတူ စည်းလုံးညီညွတ်စွာ လက်တွဲလို့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ယဉ်ကျေးမှုအစဉ်အလာမြင့်မားပြီး လူမျိုးဘာသာမရွေး ဆင်နွှဲနိုင်တဲ့ မြန်မာ့ရိုးရာသင်္ကြန် နှစ်ကူးပွဲတော်ကြီးနဲ့ ယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းမြှင့်တင်ပြီး ပျော်ရွှင်ချမ်းမြေ့စွာ နှစ်သစ်ကူးနိုင်ကြပါစေလို့ ပြောကြားရင်း ၁၃၈၂ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ပေးလိုက်ပါတယ်" ဟု ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက အောင်သပြေခက်ဖြင့် အတာရေအေးပက်ဖျန်း၍ သင်္ကြန်ပွဲတော်ကို ဆင်နွှဲခဲ့ကြပြီး ယိမ်းအဖွဲ့သမီးပျိုများက အတာသင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ညပိုင်းတွင် ၁၃၈၃ ခုနှစ် မဟာသင်္ကြန် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖလားဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဘားအံဂေါက်ကလပ်၌ကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဘားအံဂေါက်ကလပ်မှ တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## မြောက်ဦးမြို့၌ နှစ်သစ်ကူးသင်္ကြန်အကျနေ့ ရေကစားမဏ္ဍပ်များတွင် ရေကစားသူများဖြင့် စည်ကား

မြောက်ဦး မေ ၁၄

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ နှစ်သစ်ကူးအတာသင်္ကြန်အကျနေ့ ရခိုင့်ရိုးရာယဉ်ကျေးမှု ရေကစားမဏ္ဍပ်များတွင် ရေကစားသူများဖြင့် ယနေ့မွန်းလွဲပိုင်းမှစ၍ စည်ကားလျက်ရှိကြောင်း သိရသည်။



အဆိုပါ ရခိုင်ရိုးရာ မဟာသင်္ကြန်အကျနေ့တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင်လည်း ရေကစားမဏ္ဍပ်များ ဖွင့်လှစ်လျက်ရှိရာ အဆိုပါ ရေကစားမဏ္ဍပ်များ ဖြစ်သည့် "သင်္ကြန်ရီစက်ဖူးစာဖက်" ရေကစားမဏ္ဍပ်၊ "မိတ္တာရေစက်ပိတောက်တစ်ခက်" ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာရေကစားလျက်ရှိကြောင်း သိရသည်။ ဆက်လက်၍ မြို့ပေါ်ရပ်ကွက်များရှိ လမ်းများ၊ နေအိမ်များရှေ့တွင်လည်း ရေကစားမဏ္ဍပ်ငယ်များဖြင့် လမ်းသွားလမ်းလာပြည်သူများ၊ ယာဉ်များ၊ နွားလှည်းများ၊ သုံးဘီးဆိုင်ကယ်များဖြင့် ရေပက်ခံထွက်ခြင်းနှင့် လူငယ်များကလည်း လမ်းလျှောက်ကာ လှည့်လည်၍ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ခင်မောင်ထွန်း(ပြန်/ဆက်)

## ချစ်ပန်းဝါနှင့် နှစ်ဆန်းခါ

❖ နှစ်ဆန်းခါ နွေအရောက်မှာဖြင့်
ချစ်ပန်းဝါရွှေပိတောက်တွေက
ကြိုင်လှောက်လို့ပွင့်ငုံစီ။

❖ နှစ်အဟောင်းဆီက
ဖြစ်ကြောင်းစုံအလင်နဲ့
ကုန်စင်အောင်ပြန်လည်တွေးလျှင်ဖြင့်
ဘယ်အရေးဘယ်လိုပြုပါလို့
ဘယ်သူ့ကိုဘယ်လိုပြောခဲ့ပါလိမ့်
သဘောဉာဏ်မှန်အမှားကိုဖြင့်
စဉ်းစားကာအကျိုးအကြောင်းရယ်နဲ့
ဆိုးကောင်းကိုဝေဖန်မှု
ပြုသင့်ပါသည်။

❖ ကိုယ့်ရှာနဲ့ကိုယ့်ကျောင်း
ကိုယ့်ချောင်းနဲ့ကိုယ့်လယ်ပြင်
ကိုယ့်ဝန်းကျင်ကိုယ့်ဘဝ
အလှကိုယ်စီဆင်ဖို့
ဖြူစင်စင်အမြင်သစ်ရယ်နဲ့
နှစ်သစ်ကိုကြိုကြမည်
ရာသီကာလတန်ခူး။

❖ အခါလည်းအခါ
အတာလည်းအတာပေမို့
နံ့သာရေရွှေတစ်ခက်ရယ်နဲ့
မြန်မာတစ်တွေအသရေတက်စေဖို့
ရေပက်ကာအလှသစ်ကြစို့ရဲ့
မြနှစ်မှာရွှေရည်ဖုံးပါလို့
ပင်လုံးဝေ ပန်းပိတောက်ရယ်က
လျှမ်းမောက်ပွင့်ဖူး။ ။

မြင်းမူမောင်နိုင်မိုး



# နေပြည်တော်၌ မဟာသင်္ကြန်အကျနေ့တွင် ရေကစားကြသူများ အပန်းဖြေစခန်းများ၌ အပန်းဖြေသူများ၏ ပုံရိပ်များ

မြန်မာ့ရိုးရာ မဟာသင်္ကြန်အကျနေ့တွင် နေပြည်တော်အတွင်းရှိ အထင်ကရနေရာများဖြစ်သည့် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စုအတွင်းရှိ လေ့ခွင်းတောင်ကမ်းခြေ အပန်းဖြေစခန်းနှင့် ကျည်တောင်ရေဆိပ်တို့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ ထို့အတူ ပျဉ်းမနားမြို့၌လည်း အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။


ပျဉ်းမနားမြို့


လေ့ခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း


လေ့ခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း


ကျည်တောင်ရေဆိပ်


လေ့ခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း


ကျည်တောင်ရေဆိပ်

# နိုင်ငံတစ်ဝန်း မဟာသင်္ကြန်အကျနေ့လှုပ်ရှားမှု ပုံရိပ်များ



မကွေးမြို့တွင် ပျော်ရွှင်စွာ ရေကစားကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ-သန်းနိုင်ဦး



ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ မုန့်လုံးရေပေါ် စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ-ကျော်ဆန်းမြင့်



မြောက်ဦးမြို့တွင် ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲ ကျင်းပစဉ်။
ဓာတ်ပုံ-ခင်မောင်ထွန်း(ပြန်/ဆက်)



စစ်တွေမြို့တွင် ရေကစားကြသူများ၊ ရေပက်ခံထွက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ဝင်းမင်းစိုး(ပြန်/ဆက်)



မယ်စဲ့မြို့တွင် ရေကစားကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ-စိုင်းလျှမ်း(ပြန်/ဆက်)



ကျိုက်မရောမြို့တွင် သင်္ကြန်ယိမ်းအကဖြင့် ဖျော်ဖြေနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

# အားလုံးစည်းလုံးညီညွတ်ဖို့ အချိန်တန်ပါပြီ

ငြိမ်းချမ်းမောင်



ယခုအချိန်အခါ၌ အဘိုးအိုဖခင်ကြီးနှင့် သားများ ပုံပြင်ကို ပြန်ပြောင်းသတိရမိပါသည်။ ထိုပုံပြင်ကလေးတွင် အဘိုးအိုဖခင်ကြီးက ထင်းချောင်းများကို အစည်းလိုက်စည်း၍ ဒူးပေါ်တွင်တင်ပြီး သူ၏သားများအား ထင်းစည်းကို ချိုးခိုင်းရာ မည်သို့ချိုးချိုး မကျိုးနိုင်သည်ကို တွေ့ကြပါသည်။ ဤတွင် အဘိုးအိုဖခင်ကြီးက ထင်းစည်းကိုဖြေ၍ ထင်းတစ်ချောင်းစီကို ဒူးပေါ်တင်၍ ထင်းတစ်ချောင်းစီချိုးခိုင်းရာ တဖြောင်းဖြောင်းနှင့် ထင်းချောင်းအားလုံး ကျိုးသွားသည်ကို တွေ့ရပါသည်။

အဘိုးအိုဖခင်ကြီးက ထင်းစည်းချိုးဥပမာကို ပြ၍ သူ၏ သားများအား စည်းလုံးညီညွတ်မှုရှိရန် ဆုံးမသြဝါဒစကားပြောကြားခဲ့သည့်ပုံပြင်ကို ယနေ့အချိန်အခါနှင့် ထင်ဟပ်ဆင်ခြင်မိပါသည်။ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိပါသည်။ ပြည်တွင်းအားသည် ပြည်ပတွင်မရှိပါ။ ပြည်ပအားမှာ "နွားကွဲလျှင် ကျားဆွဲ"သည့်အား ဖြစ်ပါသည်။ ပြည်တွင်းအားများ တစ်စစီ ပျက်စီးခြင်းသာ ဖြစ်စေပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် တကွဲတပြားစီဖြစ်နေက တစ်ချောင်းစီဖြစ်နေသော ထင်းချောင်းများပမာရှိတော့မည်။ ထင်းတစ်ချောင်းစီဖြစ်နေသည်မှာ အရေးမကြီးသေးပါ။ ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ ဖျက်ဆီးလိုသူများက ထိုထင်းချောင်းများကို တစ်ချောင်းပြီးတစ်ချောင်း ကောက်ယူ၍ ရိုက်ချိုးပစ်ကြပေလိမ့်မည်။ ရိုက်ချိုးပစ်ရုံသာမက ကျိုးနေသော ထင်းချောင်းအကျိုးများကို မီးပုံထဲသို့ ပစ်ထည့်၍ ပြာကျအောင် ဖျက်ဆီးမီးရှို့ကြပေဦးမည်။

## စည်းလုံးညီညွတ်ရေး

အစည်းပြေနေသော ထင်းချောင်းများကို မီးပုံထဲသို့ ပစ်ထည့်ရန်အတွက် ပြည်ပမှ အသင့်စောင့်ဆိုင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်ပမှ အားဆိုသည်မှာ ထင်းအစည်းပြေသလိုဖြစ်နေသော တိုင်းပြည်ကြီးအား ပျက်စီးသွားအောင် မီးလောင်တိုက်သွင်းရန်သာ ဖြစ်ပါသည်။ ပြည်ပအားသည် မြန်မာပြည်ကြီးအား လောကနိဗ္ဗာန်သို့ရောက်အောင် စောင်မပေးသည့်အား မဟုတ်သည်ကို မြန်မာ့သမိုင်းတွင် သက်သေအထောက်အထား မြောက်မြားစွာရှိပါသည်။ သို့ဖြစ်ပါလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်ညီညွတ်ရေးမရှိလျှင် ဘာဖြစ်မည်နည်းဟု မေးခွန်းထုတ်ရန်ရှိပါသည်။ အဖြေကား ရိုးရိုးလေးပင် ဖြစ်ပါသည်။ သူ့ကျွန်ပြန်ဖြစ်မည်ဟုဆိုလျှင် ယနေ့အဖို့မူ ယုံတမ်းစကားဟု ဆိုချင်ဆိုကြပါမည်။ အနီးစပ်ဆုံးအနေဖြင့်ဆိုရပါမူ အာဖဂန်နစ္စတန်၊ အီရတ်၊ ဆီးရီးယား၊ လစ်ဗျားနိုင်ငံတို့၏ အဖြစ်ကိုသာ လက်တွေ့ကြည့်နိုင်ပါသည်။

မြန်မာနိုင်ငံကို တောင်မြန်မာ၊ မြောက်မြန်မာ၊ အရှေ့မြန်မာ၊ အနောက်မြန်မာနိုင်ငံ ဖြစ်လိုပါသလား။ မြန်မာနိုင်ငံကို မြန်မာနစ္စတန်နိုင်ငံဖြစ်လိုပါသလား။ အဖြေကား စစ်ကျွန်မဖြစ်ဘဲ စစ်ဘေးဒုက္ခသည်ဖြစ်ဖို့သာရှိပါသည်။ မည်သို့ဖြစ်ဖြစ် တိုင်းပြည် တကွဲတပြားဖြစ်လိုပါလျှင် စစ်ဘေးဒုက္ခပြာပုံဘဝတွင် ထာဝရနေသွားရုံသာရှိပါသည်။ မဖြစ်လိုပါက ညီအစ်ကိုမောင်နှမအချင်းချင်း စိတ်ဝမ်းကွဲပြားမှုကို ပြန်လည်ဖြေဖျောက်၍ စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ဖို့သာ ဖြစ်ပါသည်။ မြန်မာပြည်တွင်းမှ ထင်းချောင်းများ တကွဲတပြားစီဖြစ်၍ အချိုးမခံရအောင် တစည်းတလုံးတည်းရှိနေရန် အရေးကြီးပါသည်။ တိုင်းပြည်ပျက်စီးရေးလမ်းကို လိုက်မလား။ တိုင်းပြည်ပြန်လည်ကောင်းမွန်ရေးလမ်းကို လိုက်မလား နဖူးပေါ်လက်တင် စဉ်းစားဆင်ခြင်စေချင်ပါသည်။

## ဖောက်ခွဲဖျက်ဆီးရန်

ကမ္ဘာကြီး၏ ပြောင်းလဲမှုဖြစ်စဉ်များတွင် အဓိကအားဖြင့် တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲသောဖြစ်စဉ် (Evolution)နှင့် တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲနေသော ဖြစ်စဉ်မှ တစ်စုံတစ်ရပ်သော အခြေအနေသို့ ရောက်ရှိသောအခါ လျင်မြန်သော အဟုန်ဆောင်သည့် ပြောင်းလဲမှုသို့ ကူးပြောင်းသောဖြစ်စဉ်၊ တော်လှန်ရေးဖြစ်စဉ် (Revolution) ဟူ၍ နှစ်မျိုးရှိပါသည်။ လျင်မြန်သော အဟုန်ဆောင်သည့် ပြောင်းလဲမှုသို့ ကူးပြောင်းသောဖြစ်စဉ် (Revolution) ကို အတင်းအဓမ္မ ဇွတ်ရပ်ကြည့်ပါ။ တစ်နေရာရာတွင် စမ်းကြည့်ပါ၊ ပေါက်ကွဲသွားမည်မှာ သေချာပါသည်။ အချို့လူအုပ်စုများသည် တပ်မတော်က ဒီမိုကရေစီလမ်းကြောင်းမှ မသွေဖည်ရေးအတွက် ထိန်းကျောင်းဆောင်ရွက်နေမှု အရှိန်အဟုန်ကို ဖျက်ဆီးရန်၊ ဇွတ်အတင်းရပ်ပစ်ရန် ကြိုးပမ်းနေသည်ကို တွေ့ရပါသည်။ လက်ရှိအခြေအနေတွင် ပြည်ပအားကိုး၍၊ ပြည်ပမျှော်ကိုး၍ တိုင်းပြည်ကို ဖောက်ခွဲဖျက်ဆီးရန် ကြိုးပမ်းမှုများ ရှိနေပါသည်။

မြန်မာနိုင်ငံသည် စည်းလုံးညီညွတ်မှုပျက်ပြားသောကြောင့် နှစ်ပေါင်း ၁၀၀ ကျော် တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့ရပါသည်။ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပါသည်။ လွတ်လပ်သောနိုင်ငံဖြစ်သော်လည်း စည်းလုံးညီညွတ်မှုမရှိသောကြောင့် ဆင်းရဲဒုက္ခအမျိုးမျိုးဖြင့် သူတစ်ပါးနောက် အောက်ကျနောက်ကျဖြစ်နေရသည်မှာလည်း ယနေ့ထက်တိုင်ဖြစ်ပါသည်။ ယခုတစ်ဖန် စည်းလုံးညီညွတ်မှုကို ထပ်မံဖြိုဖျက်ချိုးဖွဲ့ကာ အစိတ်စိတ်အမြွာမြွာ ပြိုကွဲပျက်စီးနေသော ဒုက္ခသည်နိုင်ငံကြီးဖြစ်အောင် အားထုတ်ကြိုးပမ်းနေကြပြန်ပါသည်။ ၁၉၈၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် ဖြစ်စဉ်ကြီးနှစ်ခုသည် ခေတ်ကာလအရ အခြေအနေသဘောသဘာဝမတူသော်ငြားလည်း နောက်ကွယ်မှ ရည်ရွယ်ချက်က အတူတူဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။

## စွမ်းအားအကြီးမားဆုံး

သိပ္ပံရေးရာတွင် အဏုမြူစွမ်းအားသည် စွမ်းအားအကြီးမားဆုံးဖြစ်သလို နိုင်ငံရေးရာတွင် စည်းလုံးညီညွတ်ရေးသည် စွမ်းအားအကြီးမားဆုံးဖြစ်ပါသည်။ လူသားကောင်းကျိုးပြု လောကနိဗ္ဗာန်သစ်များကို အဏုမြူစွမ်းအားဖြင့် တည်ဆောက်ထားကြပါသည်။ လူသားလောကအား အဏုမြူစွမ်းအားဖြင့် မှုန့်မှုန့်ညက်ညက်ခြေမွ ဖျက်ဆီးခဲ့သည့်အဖြစ်ကို ဟီရိုရှီးမားနှင့် နာဂါစကီမြို့ကြီးနှစ်မြို့ ကြုံခဲ့ရပါသည်။ ကမ္ဘာပေါ်တွင် စည်းလုံးညီညွတ်သောနိုင်ငံများမှာ ငြိမ်းချမ်းသာယာပြီး ချမ်းသာဝပြောနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုနိုင်ငံများကို ကျွန်တော်တို့ ရောက်ခဲ့ဖူးပါသည်။ စိတ်ချမ်းမြေ့စရာများနှင့် လောကနိဗ္ဗာန်သဖွယ် ဖြစ်နေပါသည်။ ကမ္ဘာပေါ်တွင် စည်းလုံးညီညွတ်မှုပြိုကွဲနေသောနိုင်ငံများ ယခုလက်ရှိအထိရှိနေပါသည်။ ထိုနိုင်ငံများ၏ အဖြစ်များကို အထူးပြောဖွယ် ဆိုဖွယ်ပင်မရှိတော့ပါ။ စိတ်မချမ်းမြေ့စရာနှင့် အနိဋ္ဌာရုံများ ပြည့်နှက်နေပါသည်။

ကမ္ဘာကြီးတွင် အဏုမြူကဲ့သို့ အင်အားကြီးမား

သော ကောင်းဆိုးနှစ်တန် ရောယှက်နေသည့် စွမ်းအားကို လောကလူသားကောင်းကျိုးအတွက် ကောင်းသည့်ဘက်တွင်သာ အသုံးချနေကြပါသည်။ နိုင်ငံရေးရာစွမ်းအားဖြစ်သည့် စည်းလုံးညီညွတ်ရေးသည် ကောင်းသည့်အတွက်သာဖြစ်ပါသည်။ စည်းလုံးညီညွတ်ရေးကို မကောင်းသည့်ဘက်တွင် အသုံးချပါက အဖျက်စွမ်းအားကြီးမားပြီး ပြိုလဲပျက်စီးခြင်းသာဖြစ်ရသည်ကို ရှုမြင်တတ်ဖို့လိုပါသည်။ ခွန်အားကြီးမားသော ညီညွတ်ရေးအစွမ်းသတ္တိကို ကောင်းသည့်ဘက်တွင်သာ ပိုမိုထက်မြက်လာအောင် စွမ်းဆောင်ကြဖို့ တိုက်တွန်းလိုပါသည်။ ညီညွတ်ရေးစွမ်းအားကို မကောင်းသည့်ဘက်သို့ တွန်းပို့နေသည်များကိုလည်း မြင်တတ်အောင် ကြည့်တတ်ဖို့လိုပါသည်။ မြန်မာလူမျိုးတို့၏ တွေးခေါ်မြော်မြင်မှု ဒဿနအရလည်း အထက်ဆိုခဲ့သည့် အဘိုးအိုဖခင်ကြီးနှင့်သားများ ပုံပြင်ပမာ လုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါသည်။

## အလျင်လို လမ်းအိုလိုက်

နိုင်ငံ့အရေးအရာအတွက် နိုင်ငံရေးပါတီကြီး၏ ပန်းတိုင်နှင့် ဦးတည်ချက်မှာ ဘယ်အရာပါနည်းဟု မေးလိုပါသည်။ နိုင်ငံအကျိုးပြု စည်းလုံးညီညွတ်ခြင်းကို တည်ဆောက်ရန်အတွက်လော။ အာဏာမရလျှင် နိုင်ငံ့ပျက်စီးရာပျက်စီးကြောင်း ဦးတည်ရန်လော။ အဖြေထုတ်ရမည်ဖြစ်သည်။ မိမိတို့ပန်းတိုင်အတွက် မရိုးမသား ကောက်ကောက်ကွေ့ကွေ့ သွားကြမည်လား။ မိမိတို့ပန်းတိုင်ကို ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ် သွားကြမည်လား။ ထပ်မံမေးခွန်းထုတ်လိုပါသည်။ "အလျင်လို လမ်းအိုလိုက်" ရှေးမြန်မာဆိုရိုးစကားက မှန်နေပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ရှေ့သို့ ဆက်လှမ်းနေသောနိုင်ငံ ဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီဖြစ်၍ မတူကွဲပြားသော ပါတီပေါင်းများစွာတို့သည် နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြု တူညီသောရည်မှန်းချက်ဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်မှသာလျှင် စစ်မှန်သည့် စည်းလုံးညီညွတ်သောနိုင်ငံတော်ဖြစ်ပေလိမ့်မည်။ ယနေ့အချိန်အခါသည် စစ်မှန်သော၊ တရားမျှတသော ပါတီစုံဒီမိုကရေစီစနစ်ကို တက်လှမ်းနိုင်ရန် လမ်းမှန်ကို အမြန်ဖော်ဆောင်ပေးနေပါသည်။ မတူကွဲပြားသော ပါတီများ စုပေါင်းပါဝင်ခြင်းဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမည်ဖြစ်ပါသည်။ တစ်ပါတီတည်း စည်းလုံးညီညွတ်နေရုံမျှဖြင့် တစ်တိုင်းပြည်လုံး စည်းလုံးညီညွတ်မည်မဟုတ်ပါ။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် ဤသို့သောအခြေအနေများ မကြာခဏပေါ်နေခြင်းဖြစ်ပါသည်။

စည်းလုံးညီညွတ်ခြင်းသည် ခွန်အားဆိုသည်မှာ မတူကွဲပြားမှုများ ပေါင်းစုအားဖြင့် အားလုံးစည်းလုံးညီညွတ်ခြင်းသည်သာ အစဉ်ထာဝရ ခိုင်မြဲသော စည်းလုံးညီညွတ်ခြင်းဖြစ်ပါသည်။ ထင်းအစည်းပြေနေပါက မည်သည့်အခါမျှ စည်းလုံးညီညွတ်မှုကို မတည်ဆောက်နိုင်ဘဲ တစ်ချောင်းစီ တစ်ချောင်းစီ အပိုင်းပိုင်းကျိုးကျေ ပျက်စီးခြင်းအဖြစ်သို့ ရောက်နိုင်သည့်အခြေအနေရှိနေပါ၍ ယခုအချိန်အခါသည် အားလုံးစည်းလုံးညီညွတ်ကြဖို့ အချိန်တန်ပြီဖြစ်ပါကြောင်း။ ။

**စည်းလုံးညီညွတ်ခြင်းသည် ခွန်အားဆိုသည်မှာ မတူကွဲပြားမှုများ ပေါင်းစုအားဖြင့် အားလုံးစည်းလုံးညီညွတ်ခြင်းသည်သာ အစဉ်ထာဝရခိုင်မြဲသော စည်းလုံးညီညွတ်ခြင်းဖြစ်ပါသည်။ ထင်းအစည်းပြေနေပါက မည်သည့်အခါမျှ စည်းလုံးညီညွတ်မှုကို မတည်ဆောက်နိုင်ဘဲ တစ်ချောင်းစီ တစ်ချောင်းစီ အပိုင်းပိုင်းကျိုးကျေ ပျက်စီးခြင်းအဖြစ်သို့ ရောက်နိုင်သည့် အခြေအနေရှိနေပါ၍ ယခုအချိန်အခါသည် အားလုံးစည်းလုံးညီညွတ်ကြဖို့ အချိန်တန်ပြီ**

**သိပ္ပံရေးရာတွင် အဏုမြူစွမ်းအားသည် စွမ်းအားအကြီးမားဆုံးဖြစ်သလို နိုင်ငံရေးရာတွင် စည်းလုံးညီညွတ်ရေးသည် စွမ်းအားအကြီးမားဆုံးဖြစ်ပါသည်။ လူသားကောင်းကျိုးပြု လောကနိဗ္ဗာန်သစ်များကို အဏုမြူစွမ်းအားဖြင့် တည်ဆောက်ထားကြပါသည်။ လူသားလောကအား အဏုမြူစွမ်းအားဖြင့် မှုန့်မှုန့်ညက်ညက်ခြေမွ ဖျက်ဆီးခဲ့သည့်အဖြစ်ကို ဟီရိုရှီးမားနှင့် နာဂါစကီမြို့ကြီးနှစ်မြို့ကြုံခဲ့ရပါသည်။ ကမ္ဘာပေါ်တွင် စည်းလုံးညီညွတ်သောနိုင်ငံများမှာ ငြိမ်းချမ်းသာယာပြီး ချမ်းသာဝပြောနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုနိုင်ငံများကို ကျွန်တော်တို့ ရောက်ခဲ့ဖူးပါသည်။ စိတ်ချမ်းမြေ့စရာများနှင့် လောကနိဗ္ဗာန်သဖွယ် ဖြစ်နေပါသည်။ ကမ္ဘာပေါ်တွင် စည်းလုံးညီညွတ်မှုပြိုကွဲနေသော နိုင်ငံများ ယခုလက်ရှိအထိရှိနေပါသည်။ ထိုနိုင်ငံများ၏ အဖြစ်များကို အထူးပြောဖွယ် ဆိုဖွယ်ပင်မရှိတော့ပါ။ စိတ်မချမ်းမြေ့စရာနှင့် အနိဋ္ဌာရုံများ ပြည့်နှက်နေ**

# မေ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၄-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၃-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၀၅၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်(၅)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၇,၀၅၇) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၁၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၇၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၀၇၂၅၆၂ | ၂၄၆၂၆၄၁၃ | ၅၇၇၁၉၁ |
| ၂။ | အိန္ဒိယ | ၁၃၈၇၃၈၂၅ | ၁၂၃၃၆၀၃၆ | ၁၇၂၁၁၅ |
| ၃။ | ဘရာဇီး | ၁၃၆၀၁၅၆၆ | ၁၂၀၇၄၇၉၈ | ၃၅၈၇၁၈ |
| ၄။ | ပြင်သစ် | ၅၁၀၆၃၂၉ | ၃၁၃၀၅၁ | ၉၉၄၈၀ |
| ၅။ | ရုရှား | ၄၆၆၆၂၀၉ | ၄၂၉၁၂၂၃ | ၁၀၄၀၀၀ |
| ၆။ | ဗြိတိန် | ၄၃၇၅၈၁၄ | ၃၉၉၂၄၁၆ | ၁၂၇၁၂၃ |
| ၇။ | တူရကီ | ၃၉၆၂၇၆၀ | ၃၄၂၄၇၃၃ | ၃၄၄၅၅ |
| ၈။ | အီတလီ | ၃၇၉၃၀၃၃ | ၃၁၅၈၇၂၅ | ၁၁၅၀၈၈ |
| ၉။ | စပိန် | ၃၃၇၆၅၄၈ | ၃၁၁၄၀၅၃ | ၇၆၆၂၅ |
| ၁၀။ | ဂျာမနီ | ၃၀၃၁၈၃၆ | ၂၇၁၈၇၀၀ | ၇၉၄၀၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၅၈၃၁၈၂ | ၁၄၃၁၈၉၂ | ၄၂၉၀၆ |
| ၂။ | ဖိလစ်ပိုင် | ၈၉၂၈၈၀ | ၇၀၄၃၈၆ | ၁၅၄၄၇ |
| ၃။ | မလေးရှား | ၃၆၅၈၂၉ | ၃၄၇၇၈၀ | ၁၃၅၃ |
| ၄။ | မြန်မာ | ၁၄၂၆၁၀ | ၁၃၁၈၇၉ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၇၁၉ | ၆၀၃၇၄ | ၃၀ |
| ၆။ | ထိုင်း | ၃၅၉၁၀ | ၂၈၃၂၂ | ၉၇ |
| ၇။ | ကမ္ဘောဒီးယား | ၄၈၇၄ | ၂၂၉၀ | ၃၅ |
| ၈။ | ဗီယက်နမ် | ၂၇၃၃ | ၂၄၄၅ | ၃၅ |
| ၉။ | ဘရူနိုင်း | ၂၁၉ | ၂၀၆ | ၃ |
| ၁၀။ | လာအို | ၅၂ | ၄၉ | ၀ |

# ဆေးကုသရန် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒိုဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မေ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၃၉၈၉၇ ဦး၊ အတွင်းလူနာ ၄၀၆၆ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၆၀၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၄၃၅ စုစုပေါင်း ၁၀၀၃၅ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၄၇၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၂၆၈ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၈၇၄၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရုရှားသမ္မတပူတင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူ

**မော်စကို ဧပြီ ၁၄**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ယနေ့ ခံယူခဲ့ရာ ရုရှားပြည်သူများအား ၎င်းနည်းတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် တိုက်တွန်းလိုက်သည်။

အသက် ၆၈ နှစ်အရွယ် သမ္မတပူတင်သည် ယခုနှစ် မတ် ၂၃ ရက်က ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့သည်။ သို့သော် ပူတင်သည် ရုရှားနိုင်ငံက ထုတ်လုပ်သည့် Sputnik V၊ EpiVacCorona နှင့် CoviVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသုံးမျိုးအနက် မည်သည့်ကာကွယ်ဆေးထိုးနှံခဲ့သည်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

ပူတင်သည် ယခုနှစ် မတ်လကုန်ပိုင်းက ရုရှားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် တိုက်တွန်းခဲ့ပြီး နိုင်ငံအတွင်း အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းခန့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ပြီးသောအခါ နိုင်ငံအတွင်း ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံအားလုံးကို အဆုံးသတ်တော့မည်ဟု ပြောကြားခဲ့သည်။

ရုရှားအစိုးရသည် လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ ၁၄၄ သန်းခန့်ရှိသည့်အနက် လူဦးရေ ၆ ဒသမ ၃ သန်းခန့်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

သို့သော် ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးထိခိုက်လျက်ရှိသည့် မော်စကိုမြို့၌ မကြာသေးမီ ရက်များမှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စတင်မြင့်တက်လာခဲ့သည့်အတွက် ဧပြီ ၁၂ ရက်က တူရကီနိုင်ငံမှလာသော လေကြောင်းခရီးစဉ်အများစုကို တားမြစ်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၆ သန်းကျော်ရှိပြီး ၎င်းတို့အနက် ၁၀၄၀၀၀ ခန့်သည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း ရုရှားကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။




**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



# အမေရိကန်တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၁ ရက်မတိုင်မီ အာဖဂန်နစ္စတန်နိုင်ငံမှ ပြန်လည်ဆုတ်ခွာမည်

**ဝါရှင်တန် ဧပြီ ၁၄**

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၁ ရက်မတိုင်မီ အာဖဂန်နစ္စတန်နိုင်ငံမှ ပြန်လည်ဆုတ်ခွာမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့၏ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာမည့် နောက်ဆုံးရက်ကို စက်တင်ဘာ ၁၁ အဖြစ် သတ်မှတ်ထားခြင်းမှာ အဆိုပါနေ့သည် အမေရိကန်နိုင်ငံ၏ ကမ္ဘာ့ကုန်သွယ်မှုအဆောက်အအုံအား အကြမ်းဖက်အဖွဲ့များ တိုက်ခိုက်ခဲ့သည့် နှစ်ပေါင်း ၂၀ မြောက် နှစ်ပတ်လည်နေ့ဖြစ်သောကြောင့်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မေလ ၁ ရက်နေ့ကို တပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာရမည့် နောက်ဆုံးရက်အဖြစ် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့နှင့် တာလီဘန်အဖွဲ့တို့အကြား လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလက သဘောတူညီမှုရရှိခဲ့သည်။ သို့သော် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်လက်ထက်တွင် အဆိုပါသတ်မှတ်ရက်ကို စက်တင်ဘာ ၁၁ ရက်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော ပြဿနာများကို စစ်ရေးအရ အဖြေရှာသွားမည်မဟုတ်ဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပခြင်းဖြင့်သာ အဖြေရှာသွားမည်ဖြစ်ကြောင်း အဆိုပါထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာခဲ့ပြီးနောက် အယ်လ်ခိုင်ဒါနှင့် အခြားအကြမ်းဖက်အဖွဲ့များ ပြန်လည်ထွက်ပေါ်လာမည့်အရေးနှင့် ပတ်သက်ပြီး အမေရိကန်အနေဖြင့် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၀၈ ဦး ထပ်မံတွေ့ရှိ

**ဆော်ပေါ်လို ဧပြီ ၁၄**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၀၈ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်မှာ ၃၅၈၄၂၅ ဦး ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်မှာ ၁၃၅၉၉၉၄ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံရှိဆေးရုံများမှာ လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်နှင့်အား မမျှသော အခြေအနေတွင်ရှိနေပြီး အထူးကြပ်မတ်ကုသဆောင်များတွင် ကိုဗစ်-၁၉ လူနာ ၈၀ ရာခိုင်နှုန်းခန့် တက်ရောက်ကုသနေသည်။



လွန်ခဲ့သော သီတင်းတစ်ပတ်အတွင်း၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၀၆၈ ဦးခန့်ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက် များပြားလာခဲ့ကြောင်း ကျန်းမာရေးကောင်စီ၏ အချက်အလက်များအရ သိရသည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးနောက် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်၌ ဒုတိယနေရာတွင် ရပ်တည်နေသည်။ နိုင်ငံအတွင်း အမေဇုန်ပြည်နယ်များမှ ပျံ့နှံ့လာသော P1 ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃၂၆ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဧပြီ ၁၄**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၃၂၆ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၆၆၆၂၀၉ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၃၉၉ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၄၀၀၀ ရှိလာခဲ့ပြီဖြစ်သည်။ သို့သော် လူနာ ၉၄၄၇ ဦး ရောဂါမှ ပြန်လည်သက်သာလာခဲ့သည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၂၉၁၂၂၃ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။



ရုရှားနိုင်ငံ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်ခံစားရပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၃၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၀၅၃၇၆၈ ဦး ရှိလာခဲ့ပြီဖြစ်သည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၂၄ ဒသမ ၄ သန်းကျော်အား ရောဂါ ရှိ၊ မရှိ ဆေးစစ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အမေရိကန်ကျန်းမာရေးအာဏာပိုင်များက သုံးစွဲခွင့်ယာယီရပ်ဆိုင်းရန် တောင်းဆို


**ဝါရှင်တန် ဧပြီ ၁၄**

အမေရိကန်နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အသုံးပြုလျက်ရှိသည့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အမေရိကန်ကျန်းမာရေးအာဏာပိုင်များက သုံးစွဲခွင့်ယာယီရပ်ဆိုင်းရန် တောင်းဆိုခဲ့ကြောင်း ယမန်နေ့ သတင်းများအရ သိရသည်။

Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူအချို့တွင် သွေးပြစ်ခဲမှုပြဿနာများ ဖြစ်ပေါ်သည်ကို တွေ့ရှိပြီးနောက် အဆိုပါကာကွယ်ဆေးကို သုံးစွဲခွင့်ရပ်ဆိုင်းခွင့်တောင်းဆိုခဲ့ခြင်းဖြစ်သည်။

Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးနောက် ဦးနှောက်အတွင်း သွေးခဲမှုပြဿနာများခံစားရသူ ခြောက်ဦး တွေ့ရှိခဲ့ရကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာနှင့် စားနပ်ရိက္ခာနှင့် ဆေးဝါးကွပ်ကဲရေးစင်တာတို့က ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါခြောက်ဦးသည် အသက် ၁၈ နှစ်မှ ၄၈ နှစ်အရွယ် အမျိုးသမီးများဖြစ်ပြီး ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးနောက် ခြောက်ရက်နှင့် ၁၃ ရက်အကြာတွင် ဦးနှောက်အတွင်း သွေးပြစ်ခဲသည့်ပြဿနာများ ခံစားရခြင်းဖြစ်ကြောင်း သိရသည်။



ယခု သွေးခဲမှုပြဿနာသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးနောက် ခံစားရသည့် သွေးခဲမှုပြဿနာနှင့် ပုံသဏ္ဌာန်ဆင်တူသည်ကို တွေ့ရှိရသည်။

အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်းပြီး အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပကာ အဆိုပါကာကွယ်ဆေးအား ပြန်လည်သုံးသပ်သွားမည်ဖြစ်သည်။ အမေရိကန်စားနပ်ရိက္ခာနှင့် ဆေးဝါးကွပ်ကဲရေးစင်တာကလည်း အဆိုပါကာကွယ်ဆေးအပေါ် အသေးစိတ်ပြန်လည်ဆန်းစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးအပေါ် ပြန်လည်စစ်ဆေးမှုများလုပ်ဆောင်လျက်ရှိစဉ် အဆိုပါကာကွယ်ဆေးအား အသုံးပြုမှုကို ရပ်ဆိုင်းရန် ပြည်နယ်အာဏာပိုင်များအား အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက တိုက်တွန်းပြောကြားခဲ့သည်။

အမေရိကန်စားနပ်ရိက္ခာနှင့် ဆေးဝါးကွပ်ကဲရေးစင်တာက တစ်ကြိမ်သာထိုးနှံရသည့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း၌ အရေးပေါ်သုံးစွဲရန် ဖေဖော်ဝါရီလအတွင်းတွင် ခွင့်ပြုခဲ့သည်။ လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံအတွင်း၌ အဆိုပါကာကွယ်ဆေးထိုးနှံပြီးသူ ၆ ဒသမ ၈ သန်းကျော်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးကို ယုံကြည်စိတ်ချစွာ ထိုးနှံမှုခံယူသည့် ပြည်သူများ၏ ဘေးကင်းလုံခြုံမှုသည် ၎င်းတို့ ဆေးဝါးကုမ္ပဏီ၏ အဓိကရည်မှန်းချက်ဖြစ်ကြောင်းနှင့် ကာကွယ်ဆေးအပေါ် ပြန်လည်သုံးသပ်ပြီးနောက် ထွက်ပေါ်လာသည့် ရလဒ်များကို ပွင့်လင်းမြင်သာစွာ ချပြသွားမည်ဖြစ်ကြောင်း Johnson & Johnson ဆေးဝါးကုမ္ပဏီက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Patria ကို ဆေးဝါးလက်တွေ့စမ်းသပ်မှုပြုလုပ်ရန် မက္ကဆီကို စီစဉ်

**မက္ကဆီကိုစီးတီး ဧပြီ ၁၄**

မက္ကဆီကိုနိုင်ငံသည် ပြည်တွင်းတွင် ထုတ်လုပ်မည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်မျိုးဖြစ်သော Patria ကို အဆင့် ၁ ဆေးဝါး လက်တွေ့စမ်းသပ်မှုပြုလုပ်ရန် စီစဉ်နေကြောင်း အမျိုးသားသိပ္ပံနှင့် နည်းပညာကောင်စီက ယမန်နေ့တွင် ပြောကြားသည်။

ယခုထုတ်လုပ်မည့် ဆေးဝါးကို တိရစ္ဆာန်များတွင် အစောပိုင်းက စမ်းသပ်မှုပြုလုပ်ခဲ့ပြီး လူသားများတွင် ပြုလုပ်မည့် အဆင့် ၁ ဆေးဝါးလက်တွေ့စမ်းသပ်မှုကို ဧပြီနှင့် မေလအတွင်းတွင် အသက် ၁၈ နှစ်မှ ၅၅ နှစ်အရွယ်ရှိ ကျန်းမာရေးကောင်းမွန်သော လူဦးရေ ၁၀၀ နှင့် ဆေးဝါးလက်တွေ့ စမ်းသပ်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါကောင်စီ၏ ညွှန်ကြားရေးမှူး မာရီယာ အီလီနာ အယ်လ်ဘာဇက် ဘော်လာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယခုဆောင်ရွက်မည့် ဆေးဝါးလက်တွေ့စမ်းသပ်မှုတွင် နိုင်ငံတွင်းနှင့် နိုင်ငံတကာတက္ကသိုလ်များမှ ဆေးပညာရှင်များ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်မျိုးဖြစ်သော Patria ကို ကြွက်နှင့်ဝက်ကဲ့သို့သော တိရစ္ဆာန်များနှင့် အကြိုစမ်းသပ်ကုသမှုများဆောင်ရွက်ရာ ၎င်းတို့တွင် ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါအား အစွမ်းထက်ထိရောက်စွာ ကုသပေးနိုင်သည်ကို တွေ့ရှိခဲ့သည်။

အဆိုပါဆေးဝါးအား လူသားများနှင့် စမ်းသပ်မှုများ ပြီးစီးအောင်မြင်ပါက ယခုနှစ်ကုန်ပိုင်းတွင် အဆိုပါဆေးဝါးကို နိုင်ငံအတွင်း အသုံးပြုနိုင်မည်ဟု အယ်လ်ဘာဇက်က ပြောကြားသည်။ ဆေးဝါးကုမ္ပဏီအများစုနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဝယ်ယူရန် သဘောတူညီချက်ရရှိထားသော မက္ကဆီကိုနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ပြီးခဲ့သောနှစ် ဒီဇင်ဘာလအတွင်း စတင်ဆောင်ရွက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၅၈ သန်းကျော်ရှိလာ

**ဂျကာတာ ဧပြီ ၁၄**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၆၅၆ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၅၈၃၁၈၃ ဦးအထိ ရှိလာကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၄ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၂၉၀၆ ဦးအထိ ရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၅၇၄၇ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၄၃၁၈၉၂ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ် ၃၄ ခုစလုံးသို့ ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။ အထူးသဖြင့် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း အနောက်ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၆၈ ဦး၊ ဗဟိုဂျာဗား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၁၆ ဦး၊ ဂျကာတာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၆၁ ဦး၊ ယိုဂျာကာတာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၂ ဦးရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် အင်ဒိုနီးရှားနိုင်ငံ ပါပူအာပြည်နယ်၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူတစ်ဦးမျှ မရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဇမ်ဘီယာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်

**လူဆာကာ ဧပြီ ၁၄**

ဇမ်ဘီယာနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယနေ့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း ဇမ်ဘီယာနိုင်ငံအစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဇမ်ဘီယာနိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အရ ကျန်းမာရေးဝန်ထမ်းများအား ပထမဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်းလည်း ဇမ်ဘီယာနိုင်ငံ ကျန်းမာရေးဝန်ကြီး ဂျိုးနက်စ်ချန်ဒါက ပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့ကျစေရေးအတွက် ရှေ့တန်းမှတာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးအကာအကွယ်ပေးရမည်ဖြစ်ကြောင်းလည်း ကျန်းမာရေးဝန်ကြီး ဂျိုးနက်စ်ချန်ဒါက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဇမ်ဘီယာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် ပထမအဆင့်တွင် လုံခြုံရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများ၊ လူမျိုးစုခေါင်းဆောင်များ၊ ပြည်သူ့သယ်ယူပို့ဆောင်ရေးဝန်ထမ်းများလည်း ပါဝင်ကြောင်း သိရသည်။

ဇမ်ဘီယာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအစီအစဉ် COVAX ထံမှ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၂၈၀၀၀ ကို ဧပြီ ၁၂ ရက်တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

ဇမ်ဘီယာနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၄ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၀၂၁၈ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ထို့ပြင် ဇမ်ဘီယာနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၆၇ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၈၈၁၄၄ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။ ဇမ်ဘီယာနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ နှစ်ဦးရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၂၉ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၁၃၈၀၆၈၃၉၇ ဦး | သေဆုံးသူ ၂၉၇၅၄၃၅ ဦး | ပြန်လည် ကျန်းမာလာသူ ၁၁၁၁၆၀၆၃၉ ဦး |
| --- | --- | --- | --- |

# တနိုင်းမြို့၌ KIA လက်နက်ကိုင်အဖွဲ့က ယာဉ်များကို ဆက်ကြေးကောက်ခံပြီး ဆန်တင်ယာဉ်လေးစီး မီးရှို့ဖျက်ဆီး

**နေပြည်တော် ဧပြီ ၁၄**


ကချင်ပြည်နယ် တနိုင်းမြို့၌ KIA လက်နက်ကိုင်အဖွဲ့က ယာဉ်များကို ဆက်ကြေးကောက်ခံပြီး ဆန်တင်ယာဉ်လေးစီးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၃ ရက် မွန်းလွဲ ၃ နာရီတွင် တနိုင်းမြို့နယ် တိန်ကောက်ကျေးရွာ ရဝမ်ကုန်း အနီး တနိုင်း-မြစ်ကြီးနားလမ်းမကြီးပေါ်တွင် KIA လက်နက်ကိုင်အဖွဲ့မှ ခေါင်းဆောင် (စိစစ်ဆဲ) အင်အား ၃၀ ခန့်သည် တနိုင်း-မြစ်ကြီးနားသွား ယာဉ်ကို ရပ်တန့်စစ်ဆေးပြီး ၎င်းတို့အဖွဲ့ထံ ဆက်ကြေးပေးသွင်းထားသည့် စာရွက်စာတမ်း အထောက်အထားများ ပြသနိုင်ပါက ရန်ပုံငွေအဖြစ် ယာဉ်ကြီး တစ်စီးလျှင် ငွေကျပ် ၄၀၀၀၀၊ ဆက်ကြေးပေးသွင်းထားကြောင်း အထောက်အထား မပြသနိုင်ပါက ယာဉ်ကြီးတစ်စီးလျှင် ငွေကျပ် ၂၅၀၀၀၀၊ ယာဉ်ငယ်တစ်စီးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ယာဉ်ငယ်တစ်စီးနှင့် ယာဉ်ကြီးသုံးစီးတို့ကို ဆက်ကြေးကောက်ခံကာ စေလွှတ်ပေးခဲ့သည်။

အဆိုပါအဖွဲ့သည် ရှင်ဗွေယန်မြို့ရှိ ပြည်သူများစားသုံးရန် ဦးစိုးနိုင်ဝင်း(စိစစ်ဆဲ)ပါ လေးဦး မောင်းနှင်လာသည့် ၁၂ ဘီးယာဉ် သုံးစီးနှင့် ၁၀ ဘီးယာဉ် တစ်စီး၊ စုစုပေါင်း ဆန်တင်ယာဉ် လေးစီးတို့ကို တနိုင်း-မြစ်ကြီးနားလမ်းမကြီးဘေး အရှေ့ဘက် တစ်မိုင်ခန့်အကွာ တောတွင်းတစ်နေရာသို့ မောင်းနှင်စေပြီး ယာဉ်လေးစီး (တန်ဖိုးငွေကျပ်သိန်း ၁၇၅၀ ခန့်) နှင့် ယာဉ်ပေါ်ပါ ဆန်အိတ် ၁၂၀၀ (တန်ဖိုးငွေကျပ် ၃၈၄ သိန်းခန့်)တို့ကို မီးရှို့ဖျက်ဆီးခဲ့ကာ ယာဉ်မောင်း လေးဦးတို့ကို ပြန်လည်စေလွှတ် ပေးခဲ့သဖြင့် တနိုင်းမြို့သို့ လိုင်းကားများဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။

ဖြစ်စဉ်ပါ KIA လက်နက်ကိုင်အဖွဲ့မှ ဆက်ကြေးကောက်ခံကာ ဆန်တင်ယာဉ်များကို အကြမ်းဖက်မီးရှို့ဖျက်ဆီးခဲ့သည့် နေရာအား တပ်မတော် စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်






# လှိုင်လင်၊ ရွာင်၊ ဟိုပုံးနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၃ ရက် ညနေ ၃ နာရီတွင် လှိုင်လင်မြို့နယ် ဟိုတင့်ကျေးရွာအနီး လှိုင်လင်-တောင်ကြီး ကားလမ်းတွင် ခွန်ပန်းအောင် မောင်းနှင်ပြီး ခွန်မောင်ဦးနှင့် ခွန်မောင်းဖွေလိုက်ပါလာသည့် ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။



ခွန်ပန်းအောင်၊ ခွန်မောင်ဦး၊ ခွန်မောင်းဖွေ (ဝဲမှယာ) တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ဧပြီ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရွာင်မြို့နယ် ရွာင်-ကျောက်ဆည်သွားကားလမ်း ညောင်လေးပင် စစ်ဆေးရေးဂိတ်တွင် ဝေလင်းအောင်(ခ)ဖူးသီး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၂၄ ကီလိုကိုလည်းကောင်း၊၊

ထို့အတူ ဧပြီ ၁၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဖာလိုင်ကျေးရွာ ဟိုပုံး-တောင်ကြီး သွားကားလမ်းတွင် ခွန်အောင်နိုင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀ ကိုလည်းကောင်း၊၊

ယင်းနေ့ ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေ ရပ်ကွက်နေ အားဂျာ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၈၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ငွေကျပ် ၆၅၈ သိန်းတန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ငွေကျပ် ၆၅၈ သိန်းတန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၃ ရက် နံနက် ၈ နာရီခွဲတွင် မိုးညှင်းမြို့နယ် မန္တလေး - မြစ်ကြီးနားကားလမ်း နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဖြိုးသန့်ကျော် မောင်းနှင်လာသော ခရီးသည်တင်ယာဉ်ကို သတင်းအရ ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မအိအိခိုင်နှင့် မထုနန်တို့ သယ်ဆောင်လာသော ခရီးဆောင်အိတ်နှင့် ဆာလာအိတ်များအတွင်းမှ ငွေကျပ် ၆၅၈ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၃ ဒသမ ၂၉ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် မအိအိခိုင်နှင့် မထုနန်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်



မအိအိခိုင်နှင့် မထုနန်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကိုဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# ကိုယ်ကျင့်သိက္ခာဆေးကောင်းဖြင့် ကုစားရုံမှတစ်ပါး အခြားမရှိ

မောင်သောမန



ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ယဉ်ကျေးလိမ္မာတရားစခန်း သင်တန်းပို့ချနေစဉ်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သော ဧည့်သည်များက မြန်မာနိုင်ငံကို နေချင့်စဖွယ် ကောင်းသောနိုင်ငံဟု မှတ်ချက်ချခဲ့ကြဖူးသည်။ သာယာရှုမောဖွယ်ကောင်းသော သဘာဝပတ်ဝန်းကျင်၊ စိတ်နှလုံးကြည်နူးအေးချမ်း တန်ဖိုးထားဖွယ်ရာ အဆင်းရှိသည့် စေတီ၊ ဘုရား၊ ကျောင်း၊ ကန်များနှင့် မြန်မာတိုင်းရင်းသားများ၏ မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုအစဉ်အလာ ဓလေ့ထုံးစံများမှာ ဧည့်သည်များ၏ ကျေနပ်ဖွယ်ရာမှတ်ချက်များ ဖြစ်စေခဲ့သည်။

**ရှေးထုံးစဉ်လာမပျက်**

လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ ကျော်ကာလ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူပြီးနောက် ပုဂံခေတ်မှစတင်၍ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားခဲ့ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာကို ပြည်သူများက ယုံကြည်သက်ဝင်ကိုးကွယ်လျက်ရှိပြီး မြန်မာ့လူ့ဘောင် အသိုက်အဝန်းများတွင် ဗုဒ္ဓတရားတော် အဆုံးအမများနှင့်အညီ ငြိမ်းအေးချမ်းသာစွာ နေထိုင်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ အတူယှဉ်တွဲနေထိုင်ကြသည်ဆိုသော်လည်း ရှေးထုံးစဉ်လာမပျက် ဗုဒ္ဓဘာသာအဆုံးအမနှင့်အညီ ခံယူလာခဲ့ကြသည့် နိုင်ငံသူ နိုင်ငံသားများ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံသည် ထေရဝါဒအခြေခံအုတ်မြစ်ကို ခိုင်မာစွာစိုက်ထူထားသော နိုင်ငံဖြစ်ပါသည်။ သို့ကြောင့်ပင် ပုဂံခေတ်၌ အနော်ရထာမင်းမြတ်အား ဓမ္မဝိနယနှင့်အညီ မှန်ကန်စွာလမ်းညွှန်နိုင်သော ရှင်အရဟံလို ရဟန်းတော်များ တွေ့ရှိရခြင်းဖြစ်သည်။ အနော်ရထာလို နိုင်ငံတော်ကို ဦးဆောင်နိုင်သော ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာခြင်းဖြစ်သည်။ မင်းအဖြစ်တင်မြှောက်ခံရပါလျက်နှင့် ငြင်းပယ်သော ကျန်စစ်သားလို သူရဲကောင်းများ တွေ့ရခြင်းဖြစ်သည်။ သူ့ကျေးဇူးကို အလွန်သိတတ်သော ရာဇကုမာရလို သူတော်ကောင်းများ တွေ့ရခြင်းဖြစ်သည်။

**နေလိုလလိုထွန်းကား**

ထိုသို့ အစဉ်အဆက်ရှိခဲ့သောကြောင့်လည်း ယနေ့မြန်မာနိုင်ငံတော်၌ သာသနာတော် နေလိုလလို ထွန်းကားနေဆဲဖြစ်ပြီး ကျောင်းကန်ဘုရားနှင့် စေတီပုထိုးများအား အစဉ်မပြတ် တည်ထားကိုးကွယ်ကာ ကြည်ညိုသဒ္ဓါပွားဖွယ် ရှုမြင်နိုင်ပါသည်။

မြန်မာနိုင်ငံသည် ဘာသာရေးအရ အစဉ်အလာကြီးမားသည့် နိုင်ငံဖြစ်ပါသည်။ မိသားစုအဆွေအမျိုးတို့ကို ချစ်ခင်တွယ်တာတတ်သည်။ မိသားစုအပြင် သွေးမတူသူတို့ကိုလည်း ချစ်ခင်ညှာတာတတ်သည်။ ကမ္ဘာ့လူသားအားလုံးနှင့်တကွ သတ္တဝါတို့ကိုပါ သနားချစ်ခင်တတ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ဘာသာရေးအရ အစဉ်အလာ ကြီးမားသည့်နိုင်ငံဟု ဆိုလိုခြင်းဖြစ်ပါသည်။ ယဉ်ကျေးမှုအရလည်း အစဉ်အလာကြီးမားသည်ကို လက်ရှိဖြစ်ထွန်းနေသော ဒြပ်ရှိ/ဒြပ်မဲ့ ယဉ်ကျေးမှုများက သက်သေခံလျက်ရှိပါသည်။ အသိဉာဏ်ပိုင်းဆိုင်ရာတွင် ဗုဒ္ဓတရားကို အခြေခံတည်ဆောက်ခဲ့သောကြောင့် လောကပါလတရားများ၊ ဗြဟ္မစိုရ်တရားများ ထွန်းကားသော နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့်ပင် ထေရဝါဒအခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်ထားသော နိုင်ငံဖြစ်သဖြင့် သာသနာ့ အာဇာနည်များ၊ ခေါင်းဆောင်ကောင်းများ၊ သူရဲကောင်းများ၊ သူတော်ကောင်းများ ပေါ်ထွန်းခဲ့ခြင်း ဖြစ်သည်ဟု ယုံကြည်နိုင်ပါသည်။

**မြန်မာနိုင်ငံသည် ဘာသာရေးအရ အစဉ်အလာကြီးမားသည့် နိုင်ငံဖြစ်ပါသည်။ မိသားစုအဆွေအမျိုးတို့ကို ချစ်ခင်တွယ်တာတတ်သည်။ မိသားစုအပြင် သွေးမတူ သူတို့ကိုလည်း ချစ်ခင်ညှာတာတတ်သည်။ ကမ္ဘာ့လူသားအားလုံးနှင့်တကွ သတ္တဝါတို့ကိုပါ သနားချစ်ခင်တတ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ဘာသာရေးအရ အစဉ်အလာ ကြီးမားသည့်နိုင်ငံဟု ဆိုလိုခြင်းဖြစ်ပါသည်။ ယဉ်ကျေးမှုအရလည်း အစဉ်အလာကြီးမားသည်ကို လက်ရှိဖြစ်ထွန်းနေသော ဒြပ်ရှိ/ဒြပ်မဲ့ယဉ်ကျေးမှုများက သက်သေခံလျက်ရှိပါသည်။ အသိဉာဏ်ပိုင်းဆိုင်ရာတွင် ဗုဒ္ဓတရားကို အခြေခံတည်ဆောက်ခဲ့သောကြောင့် လောကပါလတရားများ၊ ဗြဟ္မစိုရ်တရားများ ထွန်းကားသော နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့်ပင် ထေရဝါဒအခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာတည်ဆောက်ထားသော နိုင်ငံဖြစ်သဖြင့် သာသနာ့ အာဇာနည်များ၊ ခေါင်းဆောင်ကောင်းများ၊ သူရဲကောင်းများ၊ သူတော်ကောင်းများ ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်နိုင်**

**ယိုယွင်းသွားသည့်ဒဏ်**

သို့ဖြစ်လျှင် မြန်မာနိုင်ငံတွင် ထေရဝါဒအခြေခံအုတ်မြစ် အခိုင်အမာစိုက်ထူထားနိုင်ပြီလားဟု မေးလျှင် ခိုင်မာသင့်သလောက် ခိုင်မာသော်လည်း မပြိုပျက်လောက်အောင်တော့ မခိုင်မာသေးဟု ပြောရမည်ဖြစ်သည်။ ထေရဝါဒအုတ်မြစ် ခိုင်မာအောင်၊ မပြိုပျက်အောင် အားထုတ်ကြိုးပမ်းနိုင်မှ တန်ကာကျမည်ဟုဆိုချင်ပါသည်။ မြန်မာနိုင်ငံသည် ကိုယ့်မင်းကိုယ့်ချင်းဘဝမှ တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့ဖူးပါသည်။ တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ရာ၌ ခံစားရသော ဒဏ်ရာအမျိုးမျိုးတွင် ကိုယ်ကျင့်သိက္ခာ ယိုယွင်းသွားသည့်ဒဏ်ရာသည် များစွာပြင်းထန်ပါသည်။

တိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်ပြန်သောအခါ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သည့် တိုင်းတစ်ပါးယဉ်ကျေးမှုအမျိုးမျိုးတို့ ခေတ်အလိုက်လွှမ်းမိုးမှု၊ ကူးစက်မှုများ ခံကြရပြန်ပါသည်။ မင်းကောင်းမင်းမြတ်များ၊ ခေါင်းဆောင်ကောင်းများက ထေရဝါဒအခြေခံအုတ်မြစ်ကို ခိုင်မာသည်ထက်ခိုင်မာအောင်၊ မယိုင်လဲအောင် ဆောက်တည်ထားခဲ့သော်လည်း တိုင်းတစ်ပါးအငွေ့အသက်မကင်းသည့် ခေါင်းဆောင်များလက်ထက်တွင်မူ ထေရဝါဒအခြေခံအုတ်မြစ်သည် ယိုင်နဲ့လာခဲ့ပါသည်။ အကျိုးဆက်မှာ အမျိုးသားယဉ်ကျေးမှုအစဉ်အလာများနှင့် ဂုဏ်သိက္ခာများ၊ ပြည်သူများ ကိုယ်ကျင့်တရားနှင့် စာရိတ္တများကျဆင်းလာခြင်း ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် ကိုယ်ကျင့်သိက္ခာ စာရိတ္တယိုယွင်းမှုဒဏ်ကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်သူများသည်ပင် မေတ္တာတရားများ၊ ဗြဟ္မစိုရ်တရားများ၊ လောကကျင့်ဝတ်များ၊ လောကနီတိများ ခေါင်းပါးလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိဝါဒသမားတို့၏ အမူအကျင့်အတိုင်း ကျင့်ကြံလာကြသည်ကို ယနေ့မြင်တွေ့နေရပြီဖြစ်သည်။ မိစ္ဆာဒိဋ္ဌိဝါဒအရ အကျိုးရမည်ဆိုလျှင် ဘာကိုပဲလုပ်ရလုပ်ရ လုပ်ကြမည်သာဖြစ်သည်။ အခြားကိစ္စများတွင်လည်း ဤသို့ပင်ဖြစ်သည်။ အကြောင်းမှန်၊ မမှန်ကို အကျိုးနှင့် တိုင်းတာကြသည်။ အကယ်၍ လိုအပ်သော အကျိုးရနိုင်လျှင် အကြောင်းမှန်၍သာဖြစ်သည်ဟု တရားသေမှတ်ထားကြ**

**တရားသေမှတ်ထား**

မြန်မာနိုင်ငံတွင် ကိုယ်ကျင့်သိက္ခာ စာရိတ္တယိုယွင်းမှုဒဏ်ကြောင့် ဗုဒ္ဓဘာသာဝင် ဖြစ်သူများသည်ပင် မေတ္တာတရားများ၊ ဗြဟ္မစိုရ်တရားများ၊ လောကကျင့်ဝတ်များ၊ လောကနီတိများ ခေါင်းပါးလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိဝါဒသမားတို့၏ အမူအကျင့်အတိုင်း ကျင့်ကြံလာကြသည်ကို ယနေ့မြင်တွေ့နေရပြီဖြစ်သည်။ မိစ္ဆာဒိဋ္ဌိဝါဒအရ အကျိုးရမည်ဆိုလျှင် ဘာကိုပဲလုပ်ရလုပ်ရ လုပ်ကြမည်သာဖြစ်သည်။ အခြားကိစ္စများတွင်လည်း ဤသို့ပင်ဖြစ်သည်။ အကြောင်းမှန်၊ မမှန်ကို အကျိုးနှင့်တိုင်းတာကြသည်။ အကယ်၍ လိုအပ်သော အကျိုးရနိုင်လျှင် အကြောင်းမှန်၍သာ ဖြစ်သည်ဟု တရားသေမှတ်ထားကြသည်။ အကယ်၍ အဇာတသတ်လို အဖကိုသတ်၍ ထီးနန်းရလျှင် အဖသတ်ခြင်းသည် မှန်ကန်သည်ဟု ခံယူသောဝါဒ သဘောမျိုးဖြစ်လာသည်။

ဤဝါဒအရ အသက်ရှင်နေသရွေ့ကာလပတ်လုံး ဂုဏ်တွေ၊သိက္ခာတွေ၊ကိုယ်ကျင့်တရားတွေ၊ပတ်ဝန်းကျင်တွေ၊ စည်းကမ်းဥပဒေတွေကို လိုက်နာစရာမလို။ အခြေအနေပေးလျှင် ပေးသလိုဆောင်ရွက်လာသည်။ သို့မှသာ မြန်မြန်လိုချင်တာရနိုင်မည်။ လိုချင်တာရမှ ပန်းတိုင်ကိုရောက်မည့် ခံယူချက်ထားလာသည်။ လောကတွင် ဘနဖူးသိုက်တူးသူများရှိသည်။ သူတို့၌ စောင့်ထိန်းမှုမရှိ၊ သစ္စာဟူသည်မှာ ဝေလာဝေး။ ဘုရား မသိ၊ တရား မသိ၊ သံဃာမသိ၊ မိဘ၊ ဆရာသမားမှန်းမသိကြပေ။ ဤအယူအဆသည် ဗုဒ္ဓဘာသာ သာမက လူ့လောက၌ မရှိကောင်းသောဝါဒ၊ အမြင်၊ အယူအဆဖြစ်သည်။ ဤဝါဒသည် ကိုယ်ကျင့်သိက္ခာကို ဖျက်ဆီးသောဝါဒဖြစ်၍ ယင်းဝါဒ မြန်မာနိုင်ငံတွင် မထွန်းကားအောင် ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ကြိုးပမ်းရန် တာဝန်ရှိပါသည်။ တာဝန်ရှိသည့်အားလျော်စွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

**အမှားမှား အယွင်းယွင်း**

ကိုယ်ကျင့်သိက္ခာပျက်စီးလာခြင်းသည် မိစ္ဆာဒိဋ္ဌိ အယူဝါဒသဘောဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ မှိုင်းမိလျှင် ကြောက်မက်ဖွယ်ရာသာဖြစ်စေသည်။ မိမိတို့ အယူဝါဒကိုသာယုံမှု စသည့် အလွဲအမှားယုံမှုများသည် မိစ္ဆာအယူဖြစ်သည်။ ဒိဋ္ဌိသည်လည်း မှားမှားယွင်းယွင်း သိမြင်ခြင်းပင်ဖြစ်သည်။ ဤအသိအမြင်မှားနေခြင်းကိုပင် ယခုကာလ၌ အယူမှားဟုဆိုကြသည်။ ဤဒိဋ္ဌိသည် "မရှိသည်ကို အရှိ၊ ရှိသည်ကို မရှိ၊ မဟုတ်သည်ကို အဟုတ်၊ ဟုတ်သည်ကို မဟုတ်"ဟု သိမြင်နေရုံသာမက "သူ၏အမြင်က အမှန်၊ သူများအမြင်က အမှား" စွပ်စွဲတတ်သေးသည်။ အရက်မူးသမားဟူသည် ချစ်စရာကိုလည်း မုန်းတတ်သည်။ မုန်းစရာကိုလည်း ချစ်တတ်သည်။ စိတ်ဆိုးစရာ မဟုတ်သည်ကိုလည်း စိတ်ဆိုးတတ်သည်။ စိတ်ဆိုးစရာ ဟုတ်သည်ကိုလည်း စိတ်မဆိုးတတ်။ အားလုံး ကမောက်ကမ အမှားမှား အယွင်းယွင်းဖြစ်သည်။

ထို့အတူပင် လူ၌ နဂိုကတည်းက အာသဝတရားများရှိကြ၏။ အာသဝတရားများ ဟူသည်မှာ အရက်ပင်ဖြစ်သည်။ အာသဝတရား လေးပါးရှိရာတွင် အရက်ကြောင့် အဝိဇ္ဇာသဝက – မဟုတ်ကို မဟုတ်မှန်း မသိရလေအောင် ဖုံး၏။ မဟုတ်ကို အဟုတ်အဖြစ် ထင်ရလေအောင်ဖော်၏။ ဒိဋ္ဌာသဝကသည် မဟုတ်ကို အဟုတ်အဖြစ်လည်းကောင်း၊ အဟုတ်ကို မဟုတ်အဖြစ်လည်းကောင်းမြင်၏။ ဤသို့ဖြင့် လူ၌ အမှောက်မှောက် အမှားမှား အမှန်မထင်သည့်

စာမျက်နှာ ၁၆ သို့ ❍

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက် အကြောင်းအမျိုးမျိုးကြောင့် နေရပ်ဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**○ စာမျက်နှာ ၁၅ မှ**

**ယခုအခါ မိမိတို့နိုင်ငံရှိ လူငယ်အများစု ကိုယ်ကျင့်သိက္ခာ ယဉ်ကျေးမှု ပျက်ပြားလာသည့်အချိန်တွင် အမှန်ဘဝသို့ မရောက်နိုင်သည့် အမှောင်ဖုံးသည့် ဝါဒမှိုင်းများလွှမ်းခြုံလာသောကြောင့် လူဆိုး၊ လူကောင်း မခွဲခြားနိုင်သည့် တိုင်းဆူပြည်ဖျက်အလုပ်များကိုပင် လုပ်ရဲကိုင်ရဲရှိလာပြီဖြစ်သည်။ အမှားအမှန်မခွဲခြားနိုင်သည့် အဝိဇ္ဇာဖုံးအုပ်လာသောအခါ မိမိ၏ မိဘကိုပင် စွန့်လွှတ်ကြောင်း ကြေညာခြင်း၊ စော်ကားခြင်း၊ ရဟန်းသံဃာများနှင့် ဆရာသမားများအား ရိုင်းစိုင်းစွာ စော်ကားခြင်းများအထိ ပြုလုပ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့နိုင်ငံရှိ လူငယ်များ စာရိတ္တကောင်းမွန်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရေး ပြန်လည်တည့်မတ်ပေးရန် အရေးတကြီး လိုအပ်နေပြီဖြစ်သည်။**

တရားများရှိပြီဖြစ်၏။ ဤသို့ရှိပြီးဖြစ်သည့်အထဲ အမှန်ဘဝသို့ မရောက်အောင်၊ အမှားဘဝမှ မလွတ်မြောက်အောင် နှောင့်ယှက်ဖျက်ဆီးမှုများလည်း ရှိသေးသည်။ ထိုနှောင့်ယှက်ဖျက်ဆီးမှုများနှင့် ပတ်သက်၍ ပြိတ္တာဘုံဘဝနှင့် ဥပမာပေးလိုပါသည်။

**မကျွတ်မလွတ်သည့်ဘဝ**

မြန်မာ့ဓလေ့တွင် ကွယ်လွန်ပြီးသူ မိဘဆွေမျိုးများကိုရည်စူး၍ ကျန်ရစ်သူမိသားစုတို့က ဆွမ်းကျွေးတရားနာပြီးနောက် ကျွတ်အောင်၊ လွတ်အောင် အမျှပေးဝေကြသည်။ ကွယ်လွန်သူ ဆွေမျိုးက သာဓုခေါ်ကာ ဝမ်းမြောက်လျှင် ကွယ်လွန်သူမှာ လက်ငင်းအကျိုးရသည်။ မကျွတ်မလွတ်သည့် ငတ်မွတ်နေသော ပြိတ္တာတို့သည် ဆွမ်းကျွေးအမျှဝေသည်ကို သာဓုခေါ်လျှင် အစာကောင်းရ၏။ အဝတ်လှူ၍ အမျှဝေလျှင် အဝတ်မရှိသည့် ပြိတ္တာမှာ အဝတ်အစားရ၏။ ကံအကျိုးပေးရှိလျှင် ပြိတ္တာဘဝမှ ကျွတ်လွတ်၍ ကောင်းသည့်ဘဝသို့ ရောက်၏ဟု ကျမ်းဂန်တို့၌ တွေ့ရ၏။ ကွယ်လွန်သူချမ်းသာစေရန်၊ ကျွတ်လွတ်စေရန်ရည်မှန်း၍ ကျန်ရစ်သူတို့က အမျှပေးဝေရာ၌ အနှောင့်အယှက်လည်း ပေးတတ်ကြသည်။

ကွယ်လွန်သူကို ကျန်ရစ်သူတို့က လှူဒါန်းရာ၌ အလှူခံပုဂ္ဂိုလ်သည် သီလစင်ကျယ်ဖို့ အရေးကြီးလှ၏။ ရှေးက ဒုသီလရဟန်း (သီလမရှိသောရဟန်း) အား လှူဒါန်းအမျှဝေရာ သုံးကြိမ်တိုင်အောင် လှူဒါန်းအမျှပေးဝေသော်လည်း **"ငါ့ဥစ္စာကို ဒုသီလကြီး လုယူနေပါတယ်"**ဟု ဆွေမျိုးပြိတ္တာများ အော်ဟစ်ကြသည်ကို ကြားဖူးသည်။ ထို့နောက် သီလပြည့်စုံသော ရဟန်းအား လှူဒါန်းအမျှပေးဝေမှသာ ကုသိုလ်အဖို့ကို ပြိတ္တာကရသည်ဟု အဋ္ဌကထာတွင် ဆိုထားသည်။ ဤသို့ အမျှပေးဝေရာတွင် ကွယ်လွန်သူက အိမ်၏အနီးအပါး၌ ပြိတ္တာဖြစ်နေမှသာ သာဓုခေါ်နိုင်၍ အမျှရနိုင်သည်ကိုလည်း သိထားသင့်သည်။

**အမှန်ဘဝသို့မရောက်နိုင်**

ပြိတ္တာဘဝတွင်လည်း အင်အားကြီးပြိတ္တာ၊ အင်အားငယ်ပြိတ္တာ၊ အရင်ဖြစ်သည့်၊ နောက်ကျမှ ဖြစ်သည့် ပြိတ္တာများရှိတတ်ပြီး အားကြီးသူ၊ အရင်ဖြစ်သူ ပြိတ္တာတို့က အားနည်းသူ၊ နောက်ကျမှ ဖြစ်သူ ပြိတ္တာတို့အား အဝေးသို့ မောင်းထုတ်၍လည်းကောင်း၊ သာဓုခေါ်သံမကြားရအောင် ပိတ်ဖုံး၍လည်းကောင်း အမျှဝေလှူဒါန်းမှုမရအောင် ဟန့်တားကြသည်များလည်းရှိသည်။ ပြိတ္တာလက်သစ်အချို့တွင် မကွယ်လွန်မီက "ဒီမိုကရေစီရမှ အမျှဝေပါ" ကတိစကားကြောင့် အမျှမရကြသူတို့လည်း ရှိသေးသည်။ လူဘဝတွင် အမြင်မှား၊ အယူမှား၊ အမှန်မသိသော အမှားအယွင်းများရှိကြသလို ပြိတ္တာများအပါအဝင် အပါယ်လေးဘုံသားများ ဘဝတွင်လည်း အသိမှား အမြင်မှား၊ နှိပ်စက်အနိုင်ကျင့်မှုများနှင့် အမှန်ဘဝသို့ မရောက်နိုင်သည့် အမှောင့်မျိုးစုံရှိကြသည်ကို သိအပ်ပေသည်။

ထိုသို့အယူဝါဒ လွဲမှားပြီး ပြိတ္တာများ၏အဖြစ်ကဲ့သို့ အမှန်ကို အမှန်အတိုင်း မသိနိုင်သော အမှောင်ဖုံးမှုများကြုံတွေ့နေရပြီ။ အမှန်ကို အမှန်အတိုင်း မသိသည်နှင့် ကိုယ်ကျင့်သိက္ခာလည်း ပျက်စီးလွယ်ပေပြီ။ အခြေခံခိုင်မာခဲ့သော ထေရဝါဒအုတ်မြစ် ယိုင်နဲ့လာခဲ့ပြီ။ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ရဟန်းသံဃာတော်များအနေဖြင့် ဘာသာရေးနှင့် ပတ်သက်၍ စိတ်မချမ်းမြေ့မှုများ ဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ကိုးကွယ်မှု ၈၇ ရာခိုင်နှုန်းရှိပြီး ဂုဏ်ထူးဝိသေသနှင့်လျော်ညီသည့် ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။

**ပြန်လည်တည့်မတ်ပေး**

ယခုအခါ မိမိတို့နိုင်ငံရှိ လူငယ်အများစု ကိုယ်ကျင့်သိက္ခာ ယဉ်ကျေးမှုပျက်ပြားလာသည့် အချိန်တွင် အမှန်ဘဝသို့ မရောက်နိုင်သည့် အမှောင်ဖုံးသည့် ဝါဒမှိုင်းများ လွှမ်းခြုံလာသောကြောင့် လူဆိုး၊ လူကောင်း မခွဲခြားနိုင်သည့် တိုင်းဆူပြည်ဖျက်အလုပ်များကိုပင် လုပ်ရဲကိုင်ရဲရှိလာပြီဖြစ်သည်။ အမှားအမှန်မခွဲခြားနိုင်သည့် အဝိဇ္ဇာဖုံးအုပ်လာသောအခါ မိမိ၏ မိဘကိုပင် စွန့်လွှတ်ကြောင်းကြေညာခြင်း၊ စော်ကားခြင်း၊ ရဟန်းသံဃာများနှင့် ဆရာသမားများအား ရိုင်းစိုင်းစွာစော်ကားခြင်းများအထိ ပြုလုပ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့နိုင်ငံရှိ လူငယ်များ စာရိတ္တကောင်းမွန်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရေး ပြန်လည်တည့်မတ်ပေးရန် အရေးတကြီး လိုအပ်နေပြီဖြစ်သည်။

ကိုယ်ကျင့်သိက္ခာ စာရိတ္တ ယိုယွင်းသွားသည့် ဒဏ်ကို ကုစားရာ၌ ထေရဝါဒဆိုင်ရာ ကိုယ်ကျင့်သိက္ခာတည်ဆောက်မှုတည်းဟူသော ဆေးကောင်းဖြင့် ကုစားရုံမှတစ်ပါး အခြားကုစားနည်းဟူ၍ ရှိကောင်းမည်မဟုတ်ဟု ဆိုချင်ပါသည်။ ။


# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၄**


ဆူပူအကြမ်းဖက်မှုကို လိုလားပြီး နိုင်ငံ၏အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ထိုသို့လုပ်ဆောင်နေမှုများကို ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၁) ရပ်ကွက်ရှိ ဦးထွန်းမြင့်၏ နေအိမ်၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် မေ ၃ ရက်တွင် အမှုဖွင့်လှစ်ထားရှိသူများရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ဇော်သူရိန်ထွန်း(ဘ)ဦးထွန်းမြင့်နှင့် ဇနီးဖြစ်သူ ဒေါ်သူဇာဝင်း(ဘ) ဦးသောင်းဟန်တို့ကို နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဇော်သူရိန်ထွန်း



ဒေါ်သူဇာဝင်း

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်





စစ်ကိုင်းနှင့် မြင်းမူမြို့နယ်တို့၏ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ
(အပေါ်ပုံနှင့် အောက်ပုံ)

**၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၄ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မဲရုံ ၁၆၃ ရုံ | ၂၄၇၉၉၈ | ၂၀၁၁၃၆ | ၄၁၇၉ | ၄၀၄၂ | ၃၅၅၆၈ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မဲရုံ ၆၆ ရုံ | ၉၅၈၀၅ | ၆၀၂၄၃ | ၄၂၈၅ | ၇၅၅ | ၁၀၂၉၀ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၂၉ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၇၉၄၉၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၇၈၃၃၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၀၁၁၆၀၊ မြေပြင်လက်ကျန် ၉၈၄၆၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၄၂၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၇၃၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | စစ်ကိုင်းမြို့နယ် | ၁၆၃ | ၂၇၂၅၇၆ | ၁၉၉၄၆၀ | ၇၃၁၁၆ | ၇၀၈၄၆ | ၂၉၅၀ | ၆၈၀ |
| ၂ | မြင်းမူမြို့နယ် | ၆၆ | ၁၀၆၉၁၆ | ၇၈၈၇၂ | ၂၈၀၄၄ | ၂၇၆၁၉ | ၄၇၇ | ၅၂ |
| | စုစုပေါင်း | ၂၂၉ | ၃၇၉၄၉၂ | ၂၇၈၃၃၂ | ၁၀၁၁၆၀ | ၉၈၄၆၅ | ၃၄၂၇ | ၇၃၂ |

**စစ်ကိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်တွင် ရပ်ကွက် ၃၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၆ အုပ်စု၊ မဲရုံပေါင်း ၁၆၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၇၂၅၇၆၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၉၉၄၆၀ ဖြစ်ပြီး ကျန်ရှိရမည့်အရေအတွက်မှာ ၇၃၁၁၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၀၈၄၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၆၃၆၅၀ | ၁၉၈၆၈၅ | ၆၄၉၆၅ | ၆၂၆၉၅ | ၂၉၅၀ | ၆၈၀ |
| ၂ | မြို့နယ်မဲလက်မှတ် | ၈၉၂၆ | ၇၇၅ | ၈၁၅၁ | ၈၁၅၁ | | |
| | စုစုပေါင်း | ၂၇၂၅၇၆ | ၁၉၉၄၆၀ | ၇၃၁၁၆ | ၇၀၈၄၆ | ၂၉၅၀ | ၆၈၀ |

၆။ စစ်ကိုင်းမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၂၂ ခုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၂၉၅၀ လျော့နည်းပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၇ ခုရှိ မဲရုံများတွင် မဲလက်မှတ် အရေအတွက် ၆၈၀ ပိုမိုလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၇။ စစ်ကိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့သစ်ရပ်ကွက် | ၂ | ၃၉၅၀ | ၂၇၅၀ | ၁၂၀၀ | ၁၂၀၀ | | |
| ၂ | တကောင်းရပ်ကွက် | ၂ | ၃၃၅၀ | ၂၅၇၂ | ၇၇၈ | ၇၇၈ | | |
| ၃ | စိန်ကုန်းရပ်ကွက် | ၂ | ၄၃၅၀ | ၃၂၉၂ | ၁၀၅၈ | ၉၅၈ | ၁၀၀ | |
| ၄ | ထုံးဘိုရပ်ကွက် | ၁ | ၁၅၅၀ | ၁၁၂၈ | ၄၂၂ | ၆၇၂ | | ၂၅၀ |
| ၅ | ဇေယျာရပ်ကွက် | ၃ | ၅၅၅၀ | ၃၆၄၅ | ၁၉၀၅ | ၁၆၃၃ | ၂၇၂ | |
| ၆ | မီးရထားရပ်ကွက် | ၂ | ၃၇၀၀ | ၂၆၀၁ | ၁၀၉၉ | ၁၀၉၉ | | |
| ၇ | ပတ္တမြားရပ်ကွက် | ၁ | ၁၉၅၀ | ၁၄၆၇ | ၄၈၃ | ၄၈၃ | | |
| ၈ | နီလာရပ်ကွက် | ၁ | ၁၈၀၀ | ၁၂၁၈ | ၅၈၂ | ၅၈၂ | | |
| ၉ | ရွှေမင်းဝံရပ်ကွက် | ၄ | ၇၀၅၀ | ၅၁၇၃ | ၁၈၇၇ | ၁၇၇၇ | ၁၀၀ | |
| ၁၀ | ပါရမီရပ်ကွက် | ၁ | ၁၈၀၀ | ၁၂၈၃ | ၅၁၇ | ၄၆၇ | ၅၀ | |
| ၁၁ | တင်းတိပ်ရပ်ကွက် | ၂ | ၄၁၀၀ | ၃၂၇၆ | ၈၂၄ | ၆၂၄ | ၂၀၀ | |
| ၁၂ | စီတီးရပ်ကွက် | ၁ | ၂၅၅၀ | ၂၁၀၆ | ၄၄၄ | ၃၉၄ | ၅၀ | |
| ၁၃ | သောတာပန်ရပ်ကွက် | ၂ | ၂၁၀၀ | ၁၆၆၁ | ၄၃၉ | ၄၃၉ | | |
| ၁၄ | ရေကြည်ရပ်ကွက် | ၁ | ၁၈၅၀ | ၁၃၉၂ | ၄၅၈ | ၄၅၈ | | |
| ၁၅ | ရွာစိုက်ရပ်ကွက် | ၁ | ၁၀၀၀ | ၇၃၃ | ၂၆၇ | ၂၆၇ | | |
| ၁၆ | သင်းတွဲရပ်ကွက် | ၁ | ၁၈၅၀ | ၁၂၆၃ | ၅၈၇ | ၅၈၇ | | |
| ၁၇ | ပင်းသင်းရပ်ကွက် | ၁ | ၇၅၀ | ၅၈၈ | ၁၆၂ | ၁၆၂ | | |
| ၁၈ | ကျောင်းနောက်ရပ်ကွက် | ၁ | ၅၀၀ | ၃၅၅ | ၁၄၅ | ၁၄၅ | | |
| ၁၉ | ရွာဝေးရပ်ကွက် | ၁ | ၁၅၅၀ | ၁၁၇၄ | ၃၇၆ | ၃၇၆ | | |
| ၂၀ | သူငွေးရပ်ကွက် | ၁ | ၉၅၀ | ၆၃၇ | ၃၁၃ | ၃၁၃ | | |
| ၂၁ | တောင်ပိုရပ်ကွက် | ၁ | ၇၅၀ | ၅၀၅ | ၂၄၅ | ၂၄၅ | | |
| ၂၂ | မြင်းကြွရပ်ကွက် | ၁ | ၄၀၀ | ၂၄၈ | ၁၅၂ | ၁၅၂ | | |
| ၂၃ | ညောင်ငုတ္တိုရပ်ကွက် | ၁ | ၃၅၀ | ၂၇၀ | ၈၀ | ၈၀ | | |
| ၂၄ | ရှားပင်ကန်ရပ်ကွက် | ၁ | ၄၅၀ | ၃၁၇ | ၁၃၃ | ၁၃၃ | | |
| ၂၅ | ကျားမင်းကြီးကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၅၃၉ | ၅၆၁ | ၅၆၁ | | |
| ၂၆ | ဘောက်သောက်ကျေးရွာအုပ်စု | ၂ | ၃၁၀၀ | ၂၁၁၁ | ၉၈၉ | ၉၈၉ | | |
| ၂၇ | အုန်းတောကျေးရွာအုပ်စု | ၃ | ၅၀၀၀ | ၃၉၆၃ | ၁၀၃၇ | ၉၃၇ | ၁၀၀ | |
| ၂၈ | ပန်းချီကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၇၆၅ | ၄၈၅ | ၄၈၅ | | |
| ၂၉ | ကျောက်ဆည်ကျေးရွာအုပ်စု | ၂ | ၃၉၀၀ | ၃၁၈၆ | ၇၁၄ | ၇၆၄ | | ၅၀ |
| ၃၀ | ရုံးပင်ကန်ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၂၄၈ | ၃၅၂ | ၃၅၂ | | |

စာမျက်နှာ ၁၉ သို့ ✻

✻ စာမျက်နှာ ၁၈ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၃၁ | ရေတွင်းဂေါင်းကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၂၅၀၂ | ၇၉၈ | ၇၉၈ | | |
| ၃၂ | မာလဲတောကျေးရွာအုပ်စု | ၂ | ၃၇၀၀ | ၃၀၉၅ | ၆၀၅ | ၆၀၅ | | |
| ၃၃ | တအိမ်တည်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၇၃ | ၂၇၇ | ၂၇၇ | | |
| ၃၄ | စာရေးကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၂၀၄၂ | ၅၀၈ | ၅၀၈ | | |
| ၃၅ | စကျင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၇၂ | ၃၂၈ | ၃၂၈ | | |
| ၃၆ | ရေမျက်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၇၇ | ၁၂၃ | ၁၂၃ | | |
| ၃၇ | ပဒူကျေးရွာအုပ်စု | ၂ | ၄၅၅၀ | ၃၁၈၁ | ၁၃၆၉ | ၁၃၆၉ | | |
| ၃၈ | တောင်ရင်းကျေးရွာအုပ်စု | ၂ | ၃၃၅၀ | ၂၅၈၀ | ၇၇၀ | ၇၇၀ | | |
| ၃၉ | တလိုင်းကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၈၈၉ | ၆၆၁ | ၆၁၁ | ၅၀ | |
| ၄၀ | ကျောင်းဖြူကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၃၈ | ၁၆၂ | ၁၆၂ | | |
| ၄၁ | ကျောက်ပနံကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၄၇၁ | ၅၇၉ | ၅၇၉ | | |
| ၄၂ | ကံကြီးကုန်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၉၉ | ၃၅၁ | ၃၅၁ | | |
| ၄၃ | ခက်ခကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၄၇၀ | ၄၃၀ | ၄၃၀ | | |
| ၄၄ | စမွန်းကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၅၄၂ | ၄၅၈ | ၄၅၈ | | |
| ၄၅ | ကြခတ်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၃၉ | ၂၆၁ | ၂၆၁ | | |
| ၄၆ | ဝါးချက်ကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၂၁၂၆ | ၇၂၄ | ၇၂၄ | | |
| ၄၇ | အာလောင်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၅၀ | ၄၀၀ | ၃၅၀ | ၅၀ | |
| ၄၈ | ထန်းတောကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၁၃၈ | ၃၆၂ | ၃၆၂ | | |
| ၄၉ | မြေတိုင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၅၇ | ၂၄၃ | ၂၄၃ | | |
| ၅၀ | ချောင်းပေါက်ကျေးရွာအုပ်စု | ၁ | ၂၄၀၀ | ၁၉၂၀ | ၄၈၀ | ၄၈၀ | | |
| ၅၁ | ကျောက်တာကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၂၂၈၂ | ၄၆၈ | ၄၆၈ | | |
| ၅၂ | ရေခါးကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၉၂၄ | ၁၂၆ | ၁၂၆ | | |
| ၅၃ | မင်းကွန်းကျေးရွာအုပ်စု | ၃ | ၅၈၅၀ | ၄၀၇၃ | ၁၇၇၇ | ၁၆၀၉ | ၁၆၈ | |
| ၅၄ | လက်ပံကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၆၂၇ | ၂၇၃ | ၂၇၁ | ၂ | |
| ၅၅ | ကင်းကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၂၄၈ | ၄၅၂ | ၄၅၂ | | |
| ၅၆ | ထုံးဘိုကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၂၈၁ | ၅၁၉ | ၂၆၉ | ၂၅၀ | |
| ၅၇ | မဲဇလီချောင်းကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၂၃ | ၂၇၇ | ၂၇၇ | | |
| ၅၈ | စဥ့်ကိုင်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၃၇ | ၃၁၃ | ၂၆၃ | ၅၀ | |
| ၅၉ | ထားဝယ်ဈေးရပ်ကွက် | ၂ | ၅၀၅၀ | ၃၅၃၇ | ၁၅၁၃ | ၁၄၀၇ | ၁၀၆ | |
| ၆၀ | မြေဝတီရပ်ကွက် | ၂ | ၂၈၀၀ | ၂၃၇၂ | ၄၂၈ | ၄၂၈ | | |
| ၆၁ | နန္ဒဝန်ရပ်ကွက် | ၂ | ၄၀၅၀ | ၂၉၂၃ | ၁၁၂၇ | ၁၁၂၇ | | |
| ၆၂ | မိုးဇာရပ်ကွက် | ၂ | ၂၆၀၀ | ၁၉၁၆ | ၆၈၄ | ၆၈၄ | | |
| ၆၃ | ပန်းဘဲတန်းရပ်ကွက် | ၂ | ၄၅၀၀ | ၃၂၁၃ | ၁၂၈၇ | ၁၂၈၇ | | |
| ၆၄ | ပိုးတန်းရပ်ကွက် | ၂ | ၃၄၀၀ | ၂၃၀၄ | ၁၀၉၆ | ၈၂၇ | ၂၆၉ | |
| ၆၅ | ရွာထောင်ရပ်ကွက် | ၃ | ၅၅၅၀ | ၄၂၃၁ | ၁၃၁၉ | ၁၃၁၉ | | |
| ၆၆ | မင်းလမ်းရပ်ကွက် | ၁ | ၂၃၅၀ | ၁၇၉၃ | ၅၅၇ | ၅၅၇ | | |
| ၆၇ | ပြူကံရပ်ကွက် | ၁ | ၂၉၀၀ | ၁၈၅၇ | ၁၀၄၃ | ၉၄၃ | ၁၀၀ | |
| ၆၈ | ပဲကတိုးရပ်ကွက် | ၂ | ၃၁၅၀ | ၂၅၀၈ | ၆၄၂ | ၆၉၁ | | ၄၉ |
| ၆၉ | လင်းတလူးကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၆၉၇ | ၇၅၃ | ၅၅၃ | ၂၀၀ | |
| ၇၀ | တောင်ကြားကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၁၈၆ | ၃၆၄ | ၃၆၄ | | |
| ၇၁ | တောင်မြို့ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၆၅ | ၁၃၅ | ၁၃၅ | | |
| ၇၂ | မူးသာကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၀၃၈ | ၃၆၂ | ၃၆၂ | | |
| ၇၃ | တလိုင်းကျွန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၀၀ | ၂၀၀ | ၂၀၀ | | |
| ၇၄ | ညောင်ပင်ရှည်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၁၄ | ၁၈၆ | ၁၈၆ | | |
| ၇၅ | အင်းစကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၁၇၂ | ၂၇၈ | ၂၇၈ | | |
| ၇၆ | သာဇင်ကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၂၄၉၉ | ၇၅၁ | ၇၄၃ | ၈ | |
| ၇၇ | ပေါက်မကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၄၆၃ | ၆၃၇ | ၆၃၇ | | |
| ၇၈ | မင်းကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၉၄၉ | ၄၅၁ | ၄၅၁ | | |
| ၇၉ | သားပျောက်ကုန်းကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၁၇၉ | ၅၂၁ | ၅၇၁ | | ၅၀ |
| ၈၀ | ထန်းတောဆိပ်ကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၁၀၅ | ၇၉၅ | ၇၉၅ | | |
| ၈၁ | တဲကြီးအရှေ့တာကျေးရွာအုပ်စု | ၄ | ၆၂၀၀ | ၄၈၇၁ | ၁၃၂၉ | ၁၃၂၉ | | |
| ၈၂ | နောက်ကြည့်ကျွန်း ကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၃၀၁ | ၁၉၉ | ၁၉၉ | | |
| ၈၃ | ကြွယ်လူးကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၂၁၅၄ | ၄၉၆ | ၄၉၆ | | |
| ၈၄ | ဒေါင်းမကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၂၀၂၄ | ၃၂၆ | ၄၇၇ | | ၁၅၁ |
| ၈၅ | မအူပင်ကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၂၂၅၂ | ၃၉၈ | ၄၇၈ | | ၈၀ |
| ၈၆ | ဆင်မြေကျေးရွာအုပ်စု | ၁ | ၂၄၀၀ | ၂၀၇၆ | ၃၂၄ | ၃၂၄ | | |
| ၈၇ | ဖြဲတရော်ကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၃၁၉ | ၃၈၁ | ၃၈၁ | | |
| ၈၈ | ဆင်တပ်ကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၇၂၄ | ၃၇၆ | ၃၇၆ | | |
| ၈၉ | ညောင်ပင်ဇင်ကျေးရွာအုပ်စု | ၂ | ၄၈၀၀ | ၃၁၁၈ | ၁၆၈၂ | ၁၆၈၂ | | |
| ၉၀ | ဓိုးချောင်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၁၈ | ၁၈၂ | ၁၈၂ | | |
| ၉၁ | အောင်သာကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၂၀၈၆ | ၄၁၄ | ၄၁၄ | | |
| ၉၂ | နတ်ခရိုင်ကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၈၃၈ | ၃၁၂ | ၃၁၂ | | |
| ၉၃ | ရှမ်းတပ်ကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၉၁၃ | ၃၈၇ | ၃၈၇ | | |
| ၉၄ | ရင်းမကျင်းကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၁၅၇ | ၂၄၃ | ၂၄၃ | | |
| ၉၅ | ညောင်ပင်ဝန်းကျေးရွာအုပ်စု | ၃ | ၄၂၅၀ | ၃၂၃၆ | ၁၀၁၄ | ၁၀၆၄ | | ၅၀ |
| ၉၆ | ညောင်ပင်သာကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၆၅၅ | ၃၉၅ | ၃၉၅ | | |
| ၉၇ | သဖန်းသာကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၁၂၇ | ၄၂၃ | ၃၂၃ | ၁၀၀ | |
| ၉၈ | တပုရင်းကွဲကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၁၉၁ | ၇၀၉ | ၇၀၉ | | |
| ၉၉ | ရွှေလှေကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၆၅၆ | ၅၉၄ | ၅၉၄ | | |
| ၁၀၀ | နုံးတွင်းကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၃၁ | ၂၁၉ | ၂၁၉ | | |
| ၁၀၁ | လယ်ကြီးကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၂၂၆၆ | ၇၈၄ | ၇၈၄ | | |
| ၁၀၂ | မောင်းထောင်ကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၁၂၀ | ၂၃၀ | ၂၃၀ | | |
| ၁၀၃ | ကြွယ်ပုံကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၈၉၀ | ၄၆၀ | ၄၆၀ | | |
| ၁၀၄ | တဲကြီးလက်ပံသာ ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၇၅ | ၁၇၅ | ၁၇၅ | | |
| ၁၀၅ | ရွာသစ်ကြီးကျေးရွာအုပ်စု | ၅ | ၇၇၀၀ | ၅၉၄၇ | ၁၇၅၃ | ၁၆၇၈ | ၇၅ | |
| ၁၀၆ | ပြည်တော်သာကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၁၃၂ | ၇၁၈ | ၃၆၈ | ၃၅၀ | |
| ၁၀၇ | ငတရော်ကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၅၃၆ | ၁၁၆၄ | ၈၆၄ | ၃၀၀ | |
| ၁၀၈ | ရွာမကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၅၉၂ | ၅၀၈ | ၅၀၈ | | |
| ၁၀၉ | ကိုင်းပြင်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၃၅၄ | ၃၉၆ | ၃၉၆ | | |
| ၁၁၀ | မြင်းဆည်ကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၅၈၃ | ၄၆၇ | ၄၆၇ | | |
| | ရပ်/ကျေးမဲလက်မှတ်ပေါင်း | ၁၆၃ | ၂၆၃၆၅၀ | ၁၉၈၆၈၅ | ၆၄၉၆၅ | ၆၂၆၉၅ | ၂၉၅၀ | ၆၈၀ |
| | မြို့နယ်မဲလက်မှတ်ပေါင်း | | ၈၉၂၆ | ၇၇၅ | ၈၁၅၁ | ၈၁၅၁ | | |
| | မြို့နယ်ချုပ် စုစုပေါင်း | ၁၆၃ | ၂၇၂၅၇၆ | ၁၉၉၄၆၀ | ၇၃၁၁၆ | ၇၀၈၄၆ | ၂၉၅၀ | ၆၈၀ |

## မြင်းမူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ မဲရုံပေါင်း ၆၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၀၆၉၁၆၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၈၈၇၂ ဖြစ်ပြီး ကျန်ရှိရမည့်အရေအတွက်မှာ ၂၈၀၄၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၇၆၁၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုနှင့် ပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၉၈၇၅၀ | ၇၈၆၄၃ | ၂၀၁၀၇ | ၁၉၆၈၂ | ၄၇၇ | ၅၂ |
| ၂ | မြို့နယ်မဲလက်မှတ် | ၈၁၆၆ | ၂၂၉ | ၇၉၃၇ | ၇၉၃၇ | | |
| | စုစုပေါင်း | ၁၀၆၉၁၆ | ၇၈၈၇၂ | ၂၈၀၄၄ | ၂၇၆၁၉ | ၄၇၇ | ၅၂ |

၉။ မြင်းမူမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၆ ခုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၄၇၇ လျော့နည်းပျောက်ဆုံးနေပြီး ကျေးရွာအုပ်စု ၂ ခုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၅၂ စောင် ပိုမိုလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၀။ မြင်းမူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြောက်ပိုင်းရပ်ကွက် | ၂ | ၂၇၀၀ | ၂၁၁၂ | ၅၈၈ | ၅၈၈ | | |
| ၂ | အရှေ့ပိုင်းရပ်ကွက် | ၁ | ၂၅၅၀ | ၁၉၆၆ | ၅၈၄ | ၅၈၄ | | |
| ၃ | ထီးဆောင်းကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၃၅၀ | ၅၅၀ | ၅၅၀ | | |
| ၄ | ညောင်ရင်းကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၅၈၉ | ၃၆၁ | ၃၆၁ | | |
| ၅ | ပုလဲတန်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၆၁ | ၈၉ | ၈၉ | | |
| ၆ | မူးဝရွာထောင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၇၀ | ၂၃၀ | ၂၃၀ | | |
| ၇ | ပဲကူကျေးရွာအုပ်စု | ၂ | ၄၃၀၀ | ၃၃၆၀ | ၉၄၀ | ၈၆၃ | ၇၇ | |
| ၈ | မဲနောကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၇၈ | ၃၂၂ | ၃၂၂ | | |
| ၉ | ဂရုကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၃၆ | ၂၁၄ | ၂၁၄ | | |
| ၁၀ | ပဥ္စာကုံးကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၂၆ | ၄၂၄ | ၄၃၄ | | ၁၀ |

စာမျက်နှာ ၂၀ သို့ ✻

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

❋ စာမျက်နှာ ၁၉ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁၁ | ရုံးကားကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၄၃၂ | ၃၁၈ | ၃၁၈ | | |
| ၁၂ | ညောင်ပင်ကန်ကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၉၂၇ | ၄၂၃ | ၄၂၃ | | |
| ၁၃ | ဂုံညင်းဆိပ်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၁၀၁ | ၃၄၉ | ၃၄၉ | | |
| ၁၄ | အင်းမကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၂၈၈ | ၃၁၂ | ၃၁၂ | | |
| ၁၅ | ငါးကင်းကျေးရွာအုပ်စု | ၂ | ၃၇၀၀ | ၃၂၃၄ | ၄၆၆ | ၄၆၆ | | |
| ၁၆ | ခွက်ခွင်းကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၃၁၁ | ၃၈၉ | ၃၈၉ | | |
| ၁၇ | ထိန်ကန်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၃၀ | ၂၇၀ | ၂၇၀ | | |
| ၁၈ | နဘဲကြူးကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၈၀ | ၁၇၀ | ၁၇၀ | | |
| ၁၉ | ကန်တော်ကျေးရွာအုပ်စု | ၁ | ၂၅၀၀ | ၂၀၈၉ | ၄၁၁ | ၄၁၁ | | |
| ၂၀ | ကန်ပြားကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၂၉၈ | ၂၀၂ | ၂၀၂ | | |
| ၂၁ | ညောင်မြစ်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၉၄၀ | ၁၆၀ | ၁၆၀ | | |
| ၂၂ | မူးမန္တလေးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၁၀၂၄ | ၁၇၆ | ၁၂၆ | ၅၀ | |
| ၂၃ | ပျော့ကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၃၉၇ | ၂၅၃ | ၂၅၃ | | |
| ၂၄ | ဆပ်ပြာကျင်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၄၅ | ၂၅၅ | ၂၅၅ | | |
| ၂၅ | ရွှေကျောင်းကန်ကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၀၆၉ | ၃၃၁ | ၂၃၁ | ၁၀၀ | |
| ၂၆ | ပုံညာကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၆၅ | ၈၅ | ၈၅ | | |
| ၂၇ | သပြေသာကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၉၁၁ | ၁၈၉ | ၁၈၉ | | |
| ၂၈ | မကျီးကန်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၅၇ | ၁၉၃ | ၁၉၃ | | |
| ၂၉ | အနောက်ပိုင်းရပ်ကွက် | ၄ | ၆၀၅၀ | ၄၁၃၉ | ၁၉၁၁ | ၁၇၆၁ | ၁၅၀ | |
| ၃၀ | တောင်ပိုင်းရပ်ကွက် | ၁ | ၂၅၅၀ | ၁၉၂၃ | ၆၂၇ | ၆၂၇ | | |
| ၃၁ | ဝမ်းပြည့်ကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၀၅၁ | ၈၄၉ | ၇၉၉ | ၅၀ | |
| ၃၂ | ဆပ်ပန်းကုန်းကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၂၉၅ | ၃၀၅ | ၃၀၅ | | |
| ၃၃ | ကွဲရိုက်ကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၉၅၈ | ၃၉၂ | ၃၉၂ | | |
| ၃၄ | အာလကပ္ပကျေးရွာအုပ်စု | ၄ | ၅၅၀၀ | ၄၅၇၅ | ၉၂၅ | ၈၇၅ | ၅၀ | |
| ၃၅ | လက်ထုတ္တောကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၅၀၉ | ၄၄၁ | ၄၄၁ | | |
| ၃၆ | စံတင်ကင်းကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၁၈၀ | ၂၂၀ | ၂၂၀ | | |
| ၃၇ | ကျော့မင်းကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၆၂၇ | ၂၇၃ | ၃၁၅ | | ၄၂ |
| ၃၈ | ခြေရာတော်ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၅၂၉ | ၄၂၁ | ၄၂၁ | | |
| ၃၉ | ဝွေးပင်တောကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၆၅ | ၂၃၅ | ၂၃၅ | | |
| ၄၀ | ဘိုးမင်းကြီးကင်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၄၀ | ၁၆၀ | ၁၆၀ | | |
| ၄၁ | တွင်းကြီးကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၆၈ | ၂၃၂ | ၂၃၂ | | |
| ၄၂ | စည်ပင်ကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၈၃၉ | ၄၆၁ | ၄၆၁ | | |
| ၄၃ | မကျီးစုကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၅၅ | ၁၉၅ | ၁၉၅ | | |
| ၄၄ | ကုလားပျုံကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၇၅ | ၂၂၅ | ၂၂၅ | | |
| ၄၅ | တောချောင်းဦးကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၂၂၅၆ | ၄၉၄ | ၄၉၄ | | |
| ၄၆ | ပဒတ္တိုင်းကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၉၇၁ | ၅၇၉ | ၅၇၉ | | |
| ၄၇ | လက်ပကျင်းကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၈၄၅ | ၂၅၅ | ၂၅၅ | | |
| ၄၈ | သမန္တောကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၂၇ | ၂၇၃ | ၂၇၃ | | |
| ၄၉ | ကုန်းကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၁၉ | ၁၈၁ | ၁၈၁ | | |
| ၅၀ | ရွှေယင်းမာကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၃၅၁ | ၂၄၉ | ၂၄၉ | | |
| ၅၁ | လက်ပန်ကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၀၆၈ | ၄၃၂ | ၄၃၂ | | |
| ၅၂ | ပဲတောင်းကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၅၃၂ | ၅၁၈ | ၅၁၈ | | |
| | ရပ်/ကျေးမဲလက်မှတ်ပေါင်း | ၆၆ | ၉၈၇၅၀ | ၇၈၆၄၃ | ၂၀၁၀၇ | ၁၉၆၈၂ | ၄၇၇ | ၅၂ |
| | မြို့နယ်မဲလက်မှတ်ပေါင်း | | ၈၁၆၆ | ၂၂၉ | ၇၉၃၇ | ၇၉၃၇ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၆၆ | ၁၀၆၉၁၆ | ၇၈၈၇၂ | ၂၈၀၄၄ | ၂၇၆၁၉ | ၄၇၇ | ၅၂ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုတ်ပြင်းမြို့နယ်အတွင်း လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဟန်ကပြု - ရွာဟောင်းလူ ကျေးရွာချင်းဆက်လမ်းပေါ်တွင် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၆၃၃ ဒသမ ၈၅၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် မြေလမ်းပြုပြင်ခြင်းနှင့် အမာခံလမ်း ငါးမိုင်ခင်းခြင်းလုပ်ငန်း၊ ပေ ၈၀ သံကူကွန်ကရစ်တံတား တစ်စင်း၊ ပေ ၄၀ သံကူကွန်ကရစ်တံတား တစ်စင်းနှင့် ၁၀ ပေ သံကူကွန်ကရစ်တံတား နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ငါးပေ Box Culvert ၁၆ စင်း၊ ရှစ်ပေ Box Culvert ခြောက်စင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ဘုတ်ပြင်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းအောင်နှင့်အဖွဲ့က မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



အဆိုပါ လမ်း/ တံတားလုပ်ငန်းများ ပြီးစီးပါက နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အထောက်အကူပြုမည့် အပြင် ဒေသခံပြည်သူလူထုတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒီးမော့ဆိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဒီးမော့ဆို မေ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်နိုင်ငံလုံး ပြည်နယ်/ ပြည်မအကြားအလပ်မရှိ တစ်ပြေးညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ်အတွင်း ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၂၈၃ ဒသမ ၀၂၆ သန်းဖြင့် ဒီးမော့ဆိုမြို့နယ် ခူးပရာ- ကန်ကလုပ် - စနိုက် (ခေါင်းကိုင်) ကျေးရွာချင်းဆက်မြေသားလမ်း ၇ မိုင် ၄ ဖာလုံ အနက် နှစ်မိုင် ကျောက်လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်း၊ လမ်းရေရှည်ခိုင်ခံ့စေရန်အတွက် လမ်းတာချဲ့ခြင်း၊ စတက်ဘားခံခြင်း၊ Box Culvert လေးစင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေးတို့အတွက် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



အဆိုပါကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ပြီးစီးပါက ဒီးမော့ဆိုမြို့နယ်အတွင်းရှိကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၄၂၇ အိမ်၊ လူဦးရေ ၂၄၉၄ ဦးတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်များ မကွေးတိုင်းဒေသကြီးတွင်ရှင်းလင်း

**မကွေး မေ ၁၄**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်များအား ရှင်းလင်းပွဲအခမ်းအနားကို မေ ၁၂ ရက် မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်က CDM လှုပ်ရှားမှုသည် နိုင်ငံဖျက်သည့် လှုပ်ရှားမှုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ဆေးရုံ၊ ကျောင်း၊ လမ်း၊ ရုံးဌာနများ၊ စက်ရုံ/အလုပ်ရုံများ လည်ပတ်၍ မရအောင် CDM ဆောင်ရွက်မှုသည် တိုင်းပြည်ပျက်စီးအောင် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများကိုလည်း အဓိကထားဆောင်ရွက်ပေးရန်နှင့် အခြေခံကျောင်းများအပါအဝင် တက္ကသိုလ်ကျောင်းများကိုလည်း အမြန်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်မီးလင်းရေး၊ မြစ်ရေတင်လုပ်ငန်းများအား Solor စနစ်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာစေရေးအတွက် ခရီးသွားလုပ်ငန်းကဏ္ဍများ တိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမင်းဦးနှင့် အဖွဲ့ဝင်များက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ခရိုင်ငါးခရိုင်မှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများက မိမိတို့ခရိုင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ တင်ပြကာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**





# နောင်လာမည့်ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယားများရှိမှသာ မဲပေးနိုင်မည်

**တောင်ကြီး မေ ၁၄**
ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ လုံခြုံရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေ ၁၂ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မှာကြားချက်များကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ထပ်ဆင့်ရှင်းလင်းရခြင်းဖြစ်ကြောင်း၊ လုံခြုံရေးကိစ္စရပ်များ၊ ရှေ့ဆက်ရမည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကိစ္စရပ်များအတွက် ဆောင်ရွက်ရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ အိမ်တစ်အိမ်တည်ဆောက်ရာတွင် ဖောင်ဒေးရှင်းခိုင်မာမှ ဖြစ်မည်ဖြစ်ကြောင်း၊ ဒါကြောင့် ယခုဖောင်ဒေးရှင်းသည် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများဖြစ်ကြောင်း၊ ဖောင်ဒေးရှင်းခိုင်မာမှ နိုင်ငံတော်၏ ယန္တရားကြီးလည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတို့ရပ်ကွက်/ ကျေးရွာအတွင်းရှိပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးရသေးသူများရှိပါက ကူညီဆောင်ရွက်ပေးရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရရှိသေးသောသူများရှိပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ဆက်သွယ်၍ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယားများရှိမှသာ နောင်လာမည့် ရွေးကောက်ပွဲတွင် မဲများပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုတို့က ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက အထွေထွေဆွေးနွေးကာ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

# မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ကျေပွန်စွာထမ်းဆောင်၍ ကုသပေးနေကြသည့် ဆရာဝန်၊ ဆရာမများအား လေးစားဂုဏ်ယူ

**မြစ်ကြီးနား မေ ၁၄**
ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခန်းမ၌ ကျင်းပသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ရုံးလုံခြုံရေးကို အထူးဂရုစိုက်ကြရေး၊ သင်္ကြန်ကာလအပြီးတွင် စိတ်သစ်လူသစ်ဖြင့် လုပ်ငန်းများကို အားအင်အပြည့်ဖြင့် ပြန်လည်ဆောင်ရွက်ကြရေး၊ နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲရာတွင် ဥပဒေ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဂရုပြုဆောင်ရွက်ကြရေးနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူများ၏ ကျန်းမာရေးအတွက် ဆေးရုံများဖွင့်လှစ်နိုင်ရေးကို အထူးကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် တာဝန်ယူစဉ်ကာလအတွင်း ပြည်သူအကျိုးပြုလုပ်ငန်းများကို မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့နှင့်အတူ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့်ကိစ္စရပ်များ၊ ဘဏ္ဍာငွေထုတ်ယူခွင့်ပြုခြင်းနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းမှာကြားခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ဌာနအလိုက်လုံခြုံရေးဆိုင်ရာတာဝန်ချထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့မှတစ်ဆင့် ညနေပိုင်းတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့်တွေ့ဆုံပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌက မိမိတို့အနေဖြင့် စိတ်ခံစားမှုအရ CDM လုပ်ဆောင်နေကြသည့် ဝန်ထမ်းများကို နားလည်ပေးနိုင်သော်လည်း ပြည်သူများ၏ ကျန်းမာရေးကို လျစ်လျူရှုထား၍ မရနိုင်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးအတွက် ဆေးဝါးကုသမှုခံယူနိုင်ရေးသည် အရေးကြီးဆုံး ဖြစ်သောကြောင့် ယခုလို ဆေးရုံကြီးတွင် တာဝန်ကျေပွန်စွာထမ်းဆောင်၍ ကုသပေးနေကြသည့် ဆရာဝန်၊ ဆရာမများအား လေးစားဂုဏ်ယူပါကြောင်း၊ လိုအပ်သည်များကိုလည်း ကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း အားပေးပြောကြားသည်။

ထို့နောက်ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင် ဦးမျိုးဆွေတို့က ဆေးရုံကြီးအတွက် ထောက်ပံ့ငွေကျပ် ၅၃၀၀၀၀၀ ကို ပေးအပ်ခဲ့ကြပြီး ဆေးရုံကြီး တာဝန်ကျဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ၉-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

၄၀။ **Myanmar Public Press News Agency မှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က ပထမဦးဆုံး မေးလိုသည့်မေးခွန်းမှာ မိမိတို့နိုင်ငံမှာ ဒီမိုကရေစီစနစ်ကို ငါးနှစ်၊ နှစ်ကြိမ်ဖြတ်သန်းပြီးသည့်နောက် မျိုးချစ်စိတ် တော်တော်လေးအားနည်းလာသည်ကို တွေ့ရကြောင်း၊ နောက်ပိုင်းဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် မိမိတို့နိုင်ငံက ယဉ်ကျေးမှုသည် တော်တော်လေး ယိုင်နဲ့လာကြောင်း၊ အမျိုးသားရေးစရိုက်လက္ခဏာများလည်း တော်တော်အားနည်းလာကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် မျိုးချစ်စိတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ကာကွယ်မြှင့်တင်နိုင်ရန် တပ်မတော်ဘက်က မည်သို့စီစဉ်ထားပါသလဲ၊ နောက်တစ်ချက်က ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများကိုလည်း ပြန်ပြီးပြုလုပ်ရန် အစီအစဉ်ရှိပါသလား ဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ၄/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

### မျိုးချစ်စိတ်ဆိုတာပျောက်သွားလျှင် ရပ်တည်ဖို့ခက်ခဲ

၄၁။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က မျိုးချစ်စိတ်နှင့် ပတ်သက်ပါက အယူအဆအမျိုးမျိုးရှိပါကြောင်း၊ တချို့ liberal ဆန်သည့်လူများအနေဖြင့် မျိုးချစ်စိတ်ဆိုသည်ကို အန္တရာယ်တစ်ရပ်သဖွယ် မြင်နေမှုမျိုးရှိပါကြောင်း၊ မိမိကိုးကားပြောချင်သည်မှာ အရှေ့တောင်အာရှ၏ Reality သမားကဲ့သို့ မိမိတို့သတ်မှတ်ထားသော စင်ကာပူဝန်ကြီးချုပ် လီကွမ်ယု ပြောသလို ပြောလိုကြောင်း၊ သူနှိုင်းယှဉ်သကဲ့သို့ မျိုးချစ်စိတ်သည် အမှန်က “ကျောက်ချစရာ” နေရာတစ်ခုဖြစ်ကြောင်း၊ မည်မျှကြီးသည့်သင်္ဘောဖြစ်ဖြစ်၊ မည်မျှကြီးသည့်ရေယာဉ်ဖြစ်ဖြစ် ကျောက်ချစရာနေရာ ပျောက်သွားမည်ဆိုပါက ရပ်တည်၍မရကြောင်း၊ မိမိတို့ ခဏခဏပြောနေသည့် မျိုးချစ်စိတ်နှင့် ပတ်သက်ပြီး Globalization ခေတ်ဟုပြောကြကြောင်း၊ Globalization ခေတ်တွင် သတင်းများ၊ စီးပွားကူးသန်းမှုများ၊ ပညာရေးနှင့် နည်းပညာပျံ့နှံ့သည်ကို လက်ခံကြကြောင်း၊ လူများပျံ့နှံ့မှုကို မည်သည့်နိုင်ငံကလက်ခံနိုင်ပါသလဲ၊ ဒီမိုကရေစီဘိုးအေဟု ပြောသည့် အမေရိကန်သည် ၎င်း၏တောင်ဘက်မှာရှိသော မက္ကဆီကိုနိုင်ငံမှ ဝင်လာသည့်လူများကို လက်ခံပါသလား၊ လူများဝင်ရောက်ပျံ့နှံ့သည်ကို မည်သည့်နိုင်ငံမှ လက်မခံကြကြောင်း၊ မျိုးချစ်စိတ်နှင့် မိမိနှိုင်းယှဉ်ပြောနေခြင်းမဟုတ်ကြောင်း၊ ၎င်း၏ Reality ကိုတော့ ဖျောက်၍မရသေးဘူးဆိုသည်ကို ပြောနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တချို့နေရာများမှာ liberal ၊ liberal ဆိုတိုင်းလည်း အကုန်လုံးမဟုတ်နိုင်ကြောင်း၊ နိုင်ငံကြီးအနေဖြင့် အကုန်လုံးမဟုတ်သေးဘဲ မိမိတို့ဖွံ့ဖြိုးဆဲနိုင်ငံမျိုးတွင် ပိုဆိုးကြောင်း၊ အဓိကပြောချင်သည်မှာ ကျောက်ချစရာနေရာ ပျောက်သွားပါက မျိုးချစ်စိတ်ဆိုတာပျောက်သွားလျှင် ရပ်တည်ဖို့ခက်ခဲကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအခြေခံမှုသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုကို အခြေခံခြင်းဖြစ်သည့်အတွက် အခြေခံဥပဒေမှာလည်း ဗုဒ္ဓဘာသာနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားကြောင်း၊ တခြားဘာသာရေးအဖွဲ့များကိုလည်း အလေးပေးဆောင်ရွက်သွားရမည်ဆိုသည်ကို ပြဋ္ဌာန်းထားကြောင်း၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့်ပတ်သက်ပြီး တပ်မတော်၏ခံယူချက်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်ဆိုပြီး ခံယူထားသည်ဖြစ်သည့်အတွက် အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

၄၂။ ဆက်လက်၍ **Myanmar Public Press News Agency မှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က မိမိတို့ပြည်တွင်းမှာရှိသည့် မီဒီယာများကို အရေးယူသင့်မှုများနှင့် အရေးယူထားပြီးပြီဟုသိရပါကြောင်း၊ သို့သော်လည်း ပြည်ပမှ ထုတ်လွှင့်လျက်ရှိသော သတင်းမီဒီယာများအချို့က မမှန်မကန်သတင်းများနှင့် သွေးထိုးလှုံ့ဆော်နေသည်တွေ့ရကြောင်း၊ ထိုသတင်းများကို ပြည်တွင်းစီးဝင်မှုမရှိအောင် မည်သို့ကာကွယ်တားဆီးရန် စီစဉ်ထားပါသလဲ ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

၄၃။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းစီးဆင်းမှုနှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံထက် ခေတ်မီသည့်နိုင်ငံများတောင် လုံးဝမဝင်အောင်ဆိုတာ လုပ်နိုင်စရာမရှိကြောင်း၊ နည်းလမ်းမျိုးစုံရှိကြောင်း၊ အင်တာနက်လိုင်းပေါ်မှ စီးဝင်မှုရှိကြောင်း၊ လေလိုင်းပေါ်မှ စီးဝင်မှုရှိကြောင်း၊ ၎င်းတို့ကို မိမိတို့နိုင်ငံထဲ မစီးဝင်အောင် တားဆီးသည့်လုပ်ငန်းသည် မိမိမြင်သည်မှာ မှန်ကန်သည့်နည်းလမ်းမဟုတ်ကြောင်း၊ အဓိက မှန်ကန်သည့်လုပ်ငန်းက ဘာလဲဆိုသည်မှာ တိုင်းသူပြည်သားများ၏ စိတ်ထဲတွင် အမျိုးသားရေးကိုယ်ခံစွမ်းအားကောင်းရန်၊ မြှင့်တင်ပေးရန်တို့က ပိုပြီးအဓိကကျသည်ဟု ဆိုလိုကြောင်း၊ မိမိဆိုလိုသည်မှာ မိမိတို့အိမ်နီးနားချင်းနိုင်ငံများရှိကြောင်း၊ တရုတ်နိုင်ငံနှင့်ပတ်သက်ပြီး ကမ္ဘာ့မီဒီယာများက တော်တော်များများ အကောင်းရေးသားမှု တော်တော်ရှားကြောင်း၊ သတင်းအပုဒ်တိုင်းတွင် ကြည့်လိုက်ပါက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိမိတို့နိုင်ငံကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်က မြန်မာနိုင်ငံမီဒီယာများပါပါကြောင်း၊ ဝူဟန်မြို့မှာ ဖြစ်နေသည့်အခြေအနေကို တကယ်ကိုပဲ ငရဲကျနေသည့် အခြေအနေကဲ့သို့ ရေးခဲ့သည့် မီဒီယာများရှိကြောင်း၊ သို့သော် အမျိုးသားရေး ကိုယ်ခံစွမ်းအားက ပိုအရေးကြီးကြောင်း၊ ၎င်းတို့တွင် အမျိုးသားရေးကိုယ်ခံစွမ်းအားပိုကောင်းသည့်အတွက် သိပ်ပြီးပူစရာမလိုကြောင်း၊ သတင်းမီဒီယာကဏ္ဍတွင် နံပါတ်တစ်အချက်က သတင်းမီဒီယာများနှင့်ပတ်သက်ပြီး အမှန်များ ထုတ်လွှင့်နိုင်ရန် ပြည်တွင်းမီဒီယာများ၊ နိုင်ငံပိုင်မီဒီယာများက ကြိုးစားရမည်ဖြစ်သလို အမျိုးသားရေး ကိုယ်ခံစွမ်းအားကို State building နှင့်တင်မဟုတ်ဘဲ Nation building ကိုပါ မိမိတို့ အလေးထားဆက်လက်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ လုပ်စရာအလုပ်များ ကျန်ပါသေးသည်ဟု ပြောချင်ပါကြောင်း၊ ယခုကဲ့သို့ အကြံပေးမှုမျိုးကိုလည်း ကျေးဇူးတင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

> ❖ **သတင်းစီးဆင်းမှုနှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံထက် ခေတ်မီသည့်နိုင်ငံများတောင် လုံးဝမဝင်အောင်ဆိုတာ လုပ်နိုင်စရာမရှိကြောင်း။**
>
> ❖ **အဓိက မှန်ကန်သည့်လုပ်ငန်းက ဘာလဲဆိုသည်မှာ တိုင်းသူပြည်သားများ၏ စိတ်ထဲတွင် အမျိုးသားရေးကိုယ်ခံစွမ်းအားကောင်းရန်၊ မြှင့်တင်ပေးရန်တို့က ပိုပြီးအဓိကကျ။**
>
> ❖ **သတင်းမီဒီယာကဏ္ဍတွင် နံပါတ်တစ်အချက်က သတင်းမီဒီယာများနှင့် ပတ်သက်ပြီး အမှန်များ ထုတ်လွှင့်နိုင်ရန် ပြည်တွင်းမီဒီယာများ၊ နိုင်ငံပိုင်မီဒီယာများက ကြိုးစားရမည်ဖြစ်သလို အမျိုးသားရေး ကိုယ်ခံစွမ်းအားကို State building နှင့်တင်မဟုတ်ဘဲ Nation building ကိုပါ မိမိတို့ အလေးထားဆက်လက်ဆောင်ရွက်ရမှာဖြစ်။**

၄၄။ ဆက်လက်၍ **Myanmar Public Press News Agency မှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က CDM ကြောင့် မသေသင့်ဘဲသေသွားသည့် ပြည်သူများ၏စာရင်းကို ရပ်ကွက်အလိုက်၊ ရပ်ကွက်က စုစည်းပြီး မြို့နယ်၊ တိုင်းဒေသကြီး၊ နိုင်ငံအနေဖြင့် မည်မျှရှိသွားပြီလဲဆိုသည်ကို စာရင်းကောက်ပြီး ထုတ်ပြန်ပေးရန် ဖြစ်နိုင်ပါသလား၊ ထုတ်ပြန်ပေးပါဟု အကြံပြုလိုကြောင်း၊ ထိုအတိုင်းဆိုပါက ယခုထက်ဆိုးကျိုးများကို ပိုပြီးသိသာမြင်သာမည်ထင်ကြောင်း၊ အိမ်ပတ်ဝန်းကျင်တွင်လည်း ကြုံခဲ့ရမှုများရှိကြောင်း၊ ဆေးရုံ၊ ဆေးခန်း အချိန်မီပို့ခွင့်မရ၍ အသက်ဆုံးရှုံးသွားသည့် လူများရှိကြောင်း၊ ထိုအချက်များကို ပြည်သူများသိခွင့်ရပါက ဝေဖန်ချင့်ချိန်နိုင်မည်ကို မျှော်လင့်မိ၍ သိလိုပါကြောင်း မေးမြန်းသည်။

၄၅။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့ ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

၄၆။ ဆက်လက်၍ **Myanmar Public Press News Agency မှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က ပညာရေးဝန်ကြီးဌာနကို မေးမြန်းလိုကြောင်း၊ ပြီးခဲ့သည့် အစိုးရလက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် တချို့ကိစ္စများ၌ ပုဂ္ဂိုလ်ရေးသဘောထားအမြင်ချင်းမတူမှုကြောင့် အရေးယူခံရသည့် ပညာရေးဝန်ထမ်းများရှိကြောင်း၊ ဇေယျာဝတီ အထက်တန်းကျောင်းအုပ် ဒေါ်သီတာမြဆွေအား ပစ်စာမှာပါသည့် အကြောင်းအရာက ကျောင်းပြောင်းလက်မှတ်တွင် အလှူငွေ ၅၀၀၀ ကောက်ခံပါသည်ဟုပါရှိကြောင်း၊ ထိုကိစ္စနှင့် ဟိုစစ်ဒီစစ်လုပ်ကြောင်း၊ နောက်ကြောင်းရာဇဝင်များ ရှိကြောင်း၊ သဘောထားအမြင်ချင်း မတူမှုရှိကြောင်း၊ ပုဂ္ဂိုလ်ရေးကိစ္စများရှိကြောင်း၊ သို့သော်ပညာရေးဝန်ကြီးဌာနက Disable လုပ်လိုက်ကြောင်း၊ ယင်းကိစ္စကို အယူခံဝင်မှုမရကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ပညာရေးဝန်ကြီးဌာနကို တရားစချွန်လွှာနှင့် ရင်ဆိုင်ကြောင်း၊ ဆရာမကြီးဘက်က တရားနိုင်ကြောင်း၊ ထို့နောက် အလုပ်ပြန်ခန့်ကြောင်း၊ ယင်းနောက် မကြာခင်ပြန်စစ်ပြီး နောက်တစ်ခါ Disable မဟုတ်သော်လည်း Removal ဆိုပြီး Gratuity ၏ ၂၅ ရာခိုင်နှုန်းသာ ခံစားခွင့်ပေးမည်ဆိုပြီးအကြောင်းပြန်ကြားခြင်းမျိုး ဖြစ်ခဲ့ကြောင်း၊ ထိုကိစ္စသည် လုံးဝမဖြစ်သင့် မဖြစ်ထိုက်သည့် အခြေအနေတစ်ရပ်ဖြစ်နေကြောင်း၊ ဆရာမကြီး ဒေါ်သီတာမြဆွေနည်းတူ တခြားပညာရေးဝန်ထမ်း ၈၀ ကျော်လည်းရှိသည်ဟု ကြားသိရကြောင်း၊ ထိုပညာရေးဝန်ထမ်းကိစ္စနှင့်ပတ်သက်ပြီး တကယ့်ခံစားခွင့်ရနိုင်သော၊ ဖြစ်သင့်သည့်အခြေအနေမျိုးကို တချို့မှာ ပြန်လည်တာဝန်ထမ်းဆောင်၍ ရမည့်အခြေအနေမျိုးရှိမည်ဟု ထင်ကြောင်း၊ ပြန်လည်ခံစားခွင့်ရအောင် အမြန်ဆုံးဆောင်ရွက်ပေးဖို့ ဖြစ်နိုင်သလားဆိုတာ သိလိုပါကြောင်း မေးမြန်းသည်။

စာမျက်နှာ ၂၃ သို့ ❍

○ စာမျက်နှာ ၂၂ မှ

၄၇။ **ပညာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦး**က ၎င်းကိစ္စအရေးယူမှုက ပစ်စာဆိုပါက အရေးယူမှုသည် မိမိတို့ဆီမှာစိစစ်ပြီး အရေးယူကြောင်း၊ DE အဖွဲ့က အရေးယူစိစစ်ပြီး ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးနှင့် ဆောင်ရွက်ထားသည့်ကိစ္စများဖြစ်ကြောင်း၊ ထို့ကြောင့် ရှေ့နေချုပ်ရုံးက ညွှန်ကြားသည့်အတိုင်း ပြန်ခန့်၊ ပြန်စစ်မှုတွင် တရားခံမအောင်ခဲ့ပါက မိမိတို့နောက် တရားခံနှင့် ပြန်လည်စိစစ်ကာ MOEC သို့တင်ပြပြီး ဆောင်ရွက်ထားသောကိစ္စများဖြစ်သည့်အတွက် ကြောင့် မှန်မှန်ကန်ကန်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ထိုပစ်စာမှာပါသည့် အချက်များသာမကဘဲ တစ်ခါတစ်ရံ စစ်လိုက်သည့်အချိန် နောက်ကြောင်းများက ထပ်မံပေါ်လာမှုများ ရှိကောင်းရှိနိုင်ကြောင်း၊ ယင်းကိစ္စများနှင့် ငြိစွန်းခြင်းများလည်း ဖြစ်နိုင်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင် တင်ပြဆောင်ရွက်ထားခြင်း ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

၄၈။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဆက်လက်ဖြေကြားရာတွင် ဥပဒေအရ နစ်နာသူရှိပါက နစ်နာသူက တရားဥပဒေအဆုံးအဖြတ် အဆုံးစွန်အထိဆောင်ရွက်၍ရကြောင်း၊ ဤတစ်မှုပြီးသွားလျှင် နောက်တစ်မှု ထပ်စွဲခံရပါက ထိုကိစ္စနှင့်ပတ်သက်ပြီး ထပ်မံတင်ပြ၍ရကြောင်း၊ နစ်နာသူဘက်က လုပ်ပိုင်ခွင့်အတိုင်းသာ ဆက်လက်လုပ်ဆောင်ရန် မိမိအကြံပေးလိုကြောင်း ရှင်းလင်းဖြေကြားသည်။

**ဘဏ်များတွင် သွားရောက်ငွေထုတ်ယူရာ၌ ယခင်ကဲ့သို့ တိုကင်ယူ၍ တန်းစီနေရသည့် ပြဿနာများ၊ ငွေကြေးထုတ်ယူရာတွင် ကန့်သတ်မှုထားရှိသည်ဟုလည်း သိရှိရပါကြောင်း၊ ယခုကဲ့သို့ ဖြစ်နေခြင်းသည် ဘဏ်များအနေဖြင့် လုပ်ဆောင်ခြင်း မဟုတ်ဘဲ ဝန်ထမ်းအခက်အခဲကြောင့်သာ ဖြစ်ပါကြောင်း၊ အချို့ဝန်ထမ်းများက CDM လုပ်နေကြကြောင်း၊ အစိုးရဝန်ကြီး ဌာနများမှဝန်ထမ်းများ CDM လုပ်ခြင်းသည် အစိုးရကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သို့သော် Professional Life မဟုတ်ကြောင်း၊ ပုဂ္ဂလိကဘဏ်များမှ ဝန်ထမ်းများ CDM လုပ်ခြင်းသည် အမှန်တကယ်အားဖြင့် ပုဂ္ဂလိကဘဏ်ပိုင်ရှင်များ နှင့် ဥက္ကဋ္ဌများသာ နစ်နာကြောင်း၊ အဆိုပါကိစ္စများနှင့်ပတ်သက်၍ ဖြေရှင်းပေးနိုင်ရန် ကြိုးစားအဖြေရှာဆဲဖြစ်။**

## ပိုမိုကောင်းမွန်သည့် ငွေကြေးလည်ပတ်မှုဖြစ်စေရေး

၄၉။ **General Life သတင်းဌာနမှ သတင်းထောက် ဦးခိုင်ထူး**က ယခုလက်ရှိ ဘဏ်လုပ်ငန်းများ၏အခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တာဝန်ရှိလူကြီးများ အသိပင်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ပုဂ္ဂလိကဘဏ်များနှင့် ATM စက်များမှ ငွေသွင်း၊ ငွေထုတ်ကိစ္စများ ဆောင်ရွက်ရာ ငွေကြေးကန့်သတ်ထားခြင်း၊ တန်ဖိုးကန့်သတ်၍ ထုတ်ယူသုံးစွဲရခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အဆိုပါ အခြေအနေသည် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ၏ ငွေကြေးလည်ပတ်မှုကို ထိခိုက်မှုများ ရှိနေပါကြောင်း၊ ATM စက်များတွင် တန်းစီ၍ ငွေထုတ်သည့်အခါတွင်လည်း စီနီယာ၊ ဂျူနီယာ စနစ်ဖြင့် တန်းစီရသည့်အတွက် ၁၅ ယောက်ခန့် ထုတ်ယူပြီးပါက နောက်ဆုံးမှလူက ၂ နာရီခန့်တန်းစီ၍ စောင့်ခဲ့ရသော်လည်း ၎င်းအလှည့်တွင် ATM စက်ထဲ၌ ငွေမရှိတော့သဖြင့် မထုတ်ရဘဲ ပြန်ခဲ့ရသည့် အခြေအနေများရှိခဲ့ကြောင်း၊ အဆိုပါ အခြေအနေများနှင့် ပတ်သက်၍ ငွေကြေးလည်ပတ်မှု ပုံမှန်ဖြစ်စေရေးနှင့် ယခုထက် ပိုမိုကောင်းမွန်သည့် ငွေကြေးလည်ပတ်မှုဖြစ်စေရေး မည်ကဲ့သို့ဆက်လက်ဆောင်ရွက်ပေးသွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

၅၀။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဘဏ်များ ပြန်လည်ဖွင့်လှစ်နိုင်မှုအနေဖြင့် ဗဟိုဘဏ်မှ ခွင့်ပြုထားသည့် ဘဏ်ခွဲအရေအတွက်၏ ၁၀ ရာခိုင်နှုန်း မကျော်နိုင်သေးမှုနှင့် ATM စက်မှငွေထုတ်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို သိရှိရပါကြောင်း၊ အချို့ဘဏ်များဆိုလျှင် ATM မှတစ်ဆင့် ငွေပေးသွင်းနိုင်သည့်စနစ်ဖြင့် ဘဏ်ခွဲများသို့ သွားရောက်ရန်မလိုဘဲ ငွေပေးသွင်းနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် ဘဏ်များတွင် သွားရောက်ငွေထုတ်ယူရာ၌ ယခင်ကဲ့သို့ တိုကင်ယူ၍ တန်းစီနေရသည့် ပြဿနာများ၊ ငွေကြေးထုတ်ယူရာတွင် ကန့်သတ်မှုထားရှိသည်ဟုလည်း သိရှိရပါကြောင်း၊ ယခုကဲ့သို့ ဖြစ်နေခြင်းသည် ဘဏ်များအနေဖြင့် လုပ်ဆောင်ခြင်းမဟုတ်ဘဲ ဝန်ထမ်းအခက်အခဲကြောင့်သာ ဖြစ်ပါကြောင်း၊ အချို့ဝန်ထမ်းများက CDM လုပ်နေကြကြောင်း၊ အစိုးရဝန်ကြီးဌာနများမှဝန်ထမ်းများ CDM လုပ်ခြင်းသည် အစိုးရကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သို့သော် Professional Life မဟုတ်ကြောင်း၊ ပုဂ္ဂလိကဘဏ်များမှ ဝန်ထမ်းများ CDM လုပ်ခြင်းသည် အမှန်တကယ်အားဖြင့် ပုဂ္ဂလိကဘဏ်ပိုင်ရှင်များနှင့် ဥက္ကဋ္ဌများသာ နစ်နာကြောင်း၊ အဆိုပါကိစ္စများနှင့်ပတ်သက်၍ ဖြေရှင်းပေးနိုင်ရန် ကြိုးစားအဖြေရှာဆဲဖြစ်ကြောင်း၊ လက်တွေ့လုပ်ဆောင်မည့် လုပ်ငန်းစဉ်အနေဖြင့် အချက်အချာကျသည့် မြို့နယ် တစ်မြို့နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခုလျှင် ဘဏ်နှင့်ပတ်သက်သည့် ဝန်ထမ်းများမည်မျှရှိသည်ကို တွက်ချက်နေကြောင်း၊ မည်သည့်လုပ်ငန်းများကို မည်ကဲ့သို့ အစားထိုးရမည်ကိုလည်း တွက်နေကြောင်း၊ မြို့နယ်တစ်ခုတွင် ဘဏ်ခွဲ သုံးလေးခုရှိသည့် ဘဏ်ကို ဘဏ်ခွဲအားလုံးမဖွင့်တော့ဘဲ လုံခြုံသည့်နေရာတွင် အဆိုပါဘဏ်နှင့်ပတ်သက်သည့် ဘဏ်ခွဲတစ်ခုဖွင့်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီဖြစ်ပေါ်လာနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဘဏ်အားလုံး မဖွင့်နိုင်သေးသည်ကတော့ သေချာပါကြောင်း ပြန်လည်ဖြေကြားသည်။

၅၁။ **Voice Of Myanmar (VOM)သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က တပ်မတော်က အာဏာလွှဲပြောင်းရယူခဲ့သည်မှာ နှစ်လကျော်ခန့်ရှိပြီဖြစ်ကြောင်း၊ နေပြည်တော်တစ်ခုသာ အခြေအနေ ထိန်းသိမ်းနိုင်သည်ကို တွေ့ရကြောင်း၊ မြေအနေအထားအရ အပြည့်အဝ ယန္တရားမလည်ပတ်နိုင်သေးကြောင်း၊ မည်သည့်အချိန်ခန့်တွင် လည်ပတ်နိုင်မည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

၅၂။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုမေးခွန်းကို မှားနေသည်ဟုယူဆကြောင်း၊နေပြည်တော်တစ်ခုတည်းသာ ထိန်းချုပ်နိုင်သည်ဆိုသည့် မေးခွန်းသည် အယူအဆတစ်ခုသာဖြစ်ကြောင်း၊ မေးခွန်းမှားနိုင်သည်ဟုသာ မိမိဆိုလိုခြင်းဖြစ်ပြီး ကန့်ကွက်ခြင်းမဟုတ်ပါကြောင်း၊ ယခုဆူပူဆန္ဒပြမှုအခြေအနေနှင့်ပတ်သက်ပြီး အများဆုံးဖြစ်ပေါ်သည်ကတော့ ရန်ကုန်၊ မန္တလေး၊ မုံရွာတစ်ဝိုက်ဖြစ်ကြောင်း၊ ဖေ့စ်ဘွတ်ပေါ်တွင် ဖြစ်စေ၊ မီဒီယာများလွှင့်သည့်အခါတွင်ဖြစ်စေ ကြည့်လျှင်သိနိုင်ကြောင်း၊ လူစုခိုင်းလိုက်ပြီး ဓာတ်ပုံရိုက်သည်ကတော့ မြန်ပါကြောင်း၊ ရန်ကုန်မှာတောင် ဘယ်လိုအခြေအနေမျိုးရှိသည်ဆိုသည်ကို ရန်ကုန်ကလာသည့် သတင်းထောက်ကြီးများကို မေးကြည့်လျှင် သိနိုင်ကြောင်း၊ ရန်ကုန်၌ ယခင်အခြေအနေနှင့်ယခုအခြေအနေ မည်သို့ကွာခြားသည်ကို လက်တွေ့မေးကြည့်လိုက်လျှင် ပိုပြီးကောင်းပါကြောင်း၊ မိမိပြောနိုင်သည်မှာ ပြည်သူများဂရုစိုက်ရမည်က ဆန္ဒပြမှုများ လျော့နည်းသွားသည်မှာမှန်ကြောင်း၊ သို့သော် အကြမ်းဖက်မှုများဖြစ်လာနိုင်ကြောင်း၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာနိုင်သည့်အကြောင်းရင်းကလည်း ဆန္ဒပြမှုများ လျော့နည်းသွားသည်ဆိုသည်ကို ကာမိအောင်ဖြစ်ကြောင်း၊ သို့သော် ပြည်သူလူထုအနေဖြင့် ထိုအရာများကို ဂရုစိုက်ကြဖို့ မေတ္တာရပ်ခံလိုကြောင်း ဖြေကြားသည်။

၅၃။ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသကဲ့သို့ပင် ဘဏ်ကိစ္စနှင့်ပတ်သက်၍ အခြေခံလူတန်းစား တော်တော်များများ ဒုက္ခရောက်နေကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး မည်သို့ဖြေရှင်းမည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

## ဘဏ်များကို စုပေါင်းပြီး ဖွင့်မည်

၅၄။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပထမအဆင့်ဖြေရှင်းမည့်ပုံစံမှာ ဘဏ်များကို စုပေါင်းပြီး ဖွင့်မည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်မှာ တာဝန်ခံပြီးလုပ်ပေးမည်ဖြစ်ကြောင်း၊ တာဝန်ခံပြီး လုပ်ပေးမည်ဆိုသည်မှာ ဥပမာ- မြန်မာ့စီးပွားရေးဘဏ်က ဖွင့်နိုင်သည်ဆိုလျှင် မြန်မာ့စီးပွားရေးဘဏ်၌ အခြားဖွင့်နိုင်သည့် ဘဏ်ခွဲများဖွင့်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ အောင်မြင်နိုင်လိမ့်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၅၅။ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က နစကဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ရှိမြေပြင်တွင် ဖြစ်ပေါ်နေသည့်အခြေအနေ အကုန်လုံး သိ/မသိ သိလိုပါကြောင်း၊ TVတွင် ဈေးများ၊ ဘုရားများမှာစည်ကားနေသည်ဟု ကြေညာနေကြောင်း၊ လွှင့်နေသည့်အစီအစဉ်များသည် နေ့စဉ်ထပ်နေကြောင်း၊ ထို့ကြောင့် မြေပြင်အခြေအနေနှင့် သတင်းလွှင့်နေသည့်အခြေအနေ အနည်းငယ် ကွာဟမှုဖြစ်ပေါ်နေကြောင်း၊ ယင်းအခြေအနေကို သိ/မသိ သိလိုပါကြောင်း မေးမြန်းသည်။

၅၆။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က မည်သည့်ခေါင်းဆောင်မှ မြေပြင်အခြေအနေကို ၁၀၀ ရာခိုင်နှုန်းမသိကြောင်း၊ မိမိလည်း ၁၀၀ ရာခိုင်နှုန်းမသိကြောင်း၊ သို့သော် သိသင့်သိထိုက်သလောက် သိကြောင်း၊ မည်သို့ပင်ဖြစ်စေ နိုင်ငံ့ခေါင်းဆောင်တစ်ဦးလုပ်သည့်နေရာတွင် သတင်းပေးသည့် သတင်းဌာနများစွာရှိကြောင်း၊ သတင်းဌာနတစ်ခုတည်းက သတင်းပေးခြင်းမဟုတ်ဘဲ မျက်စိ၊ နား များစွာရှိကြောင်း၊ အရာအားလုံးကို သိသင့်သလောက်သိပါကြောင်း၊ မည်သူမှ ၁၀၀ ရာခိုင်နှုန်း သိနိုင်ခြင်းမရှိကြောင်း၊ ဆေးရုံများနှင့် ဘဏ်များ ဖွင့်နိုင်သည့်နေရာများကို ပြသခြင်းရည်ရွယ်ချက်သည် အချို့မီဒီယာများတွင်ပါသကဲ့သို့ တစ်နိုင်ငံလုံးတွင် အရောင်းအဝယ်များ ပိတ်ထားသည်၊ ဈေးများ၊ ဆေးရုံများ၊ ဘဏ်များ ပိတ်ထားသည်ဆိုသည်မှာ မဟုတ်ကြောင်းကို ပြသလိုခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၅၇။ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ် သေသွားပြီဆိုသည့် သတင်းနှင့် ပတ်သက်ပြီး သတင်းထွက်နေသည့်အတိုင်း ဟုတ်/မဟုတ် သိလိုကြောင်း မေးမြန်းသည်။

## ဆူပူအုံကြွမှုများဖြစ်လာအောင် အစပျိုးနေခြင်းဖြစ်

၅၈။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က မနေ့က သတင်းမီဒီယာတစ်ခုတွင်တွေ့ကြောင်း၊ မည်သူကစပြီး ဖွလိုက်သည်ကိုမသိကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်ပျက်နေသည်မှာ သတင်းမီဒီယာများကလည်း media logo တပ်ထားပြီး တော်တော်လေးကို ဆိုးရွားနေကြောင်း၊ ဦးဘိုဘိုငယ် ကျန်းမာစွာရှိကြောင်း၊ အချုပ်ထဲမှာမဟုတ်ကြောင်း၊ အချုပ်အနှောင်လည်းမခံရကြောင်း၊ ရိပ်သာ၌ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ထိန်းသိမ်းရမည်ဆိုသည့်လူကို ထိန်းသိမ်းထားကြောင်း၊ စစ်ဆေးရမည့်သူများကို စစ်ဆေးနေတာရှိကြောင်း၊ သို့သော် ဥပဒေအရ အရေးယူခံရမည့်သူ မဟုတ်ဘူးဆိုလျှင် ထိုသူများကို ချုပ်နှောင်ထားမည် မဟုတ်ကြောင်း၊ ရိပ်သာ၌သာထားပြီး စစ်ဆေးလျက်ရှိကြောင်း၊ ထိုအရာနှင့်ပတ်သက်ပြီး မိမိပြောလိုသည်မှာ ထိုသတင်းသည် အမှန်မဟုတ်ကြောင်း၊ သို့သော် တစ်ခုဂရုစိုက်ရမည်မှာ ယခုရက်ပိုင်းအတွင်း ရည်ရွယ်ချက်ရှိရှိနှင့် သတင်းတချို့ကို ဖွနေကြောင်း၊ ဥပမာ- နေပြည်တော်က BBC ကိုအောင်သူရ ထိန်းသိမ်းခံရစဉ်က ထိန်းသိမ်းခံရပြီး တစ်ရက်နှစ်ရက်ခန့်ကြာသောအခါ ကိုအောင်သူရ သေပြီဆိုပြီး သတင်းထောက်တစ်ဦးကပဲ စပြီးဖွကြောင်း၊ မိမိတို့ဆီကို ဖုန်းနှင့်မေးမြန်းကြသည်များ ရှိပါကြောင်း၊ ထိုအရာများ၏နောက်ကွယ်တွင် ရည်ရွယ်ချက်ရှိကြောင်း၊ ယခု ဦးဘိုဘိုငယ်လည်း ဆုံးသွားပြီဆိုသည်ကို ဖွနေကြကြောင်း၊ အချို့ဆန္ဒပြမှုများ၊ ဆူပူမှုများ အရှိန်ကျလာသည့်အချိန်တွင် ထင်ရှားသည့်သူ တစ်ယောက်ယောက် သို့မဟုတ် လူအများ အာရုံစိုက်ခံရသည့်သူ တစ်ယောက်ယောက်ကို သေပြီဟုပြောပြီး ဆူပူအုံကြွမှုများဖြစ်လာအောင်ဖြစ်စေ၊ အကျိုးသက်ရောက်မှုတစ်ခုခု ရရှိလာအောင်ဖြစ်စေ ဆောင်ရွက်ခြင်း၊ အစပျိုးနေခြင်းဖြစ်သည်ဟု ထင်မြင်ကြောင်း ပြန်လည်ဖြေကြားသည်။

၅၉။ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ရှမ်းပြည်နယ် ဝမ်ဟိုင်း၌ ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရသည်ဆိုသည့်သတင်း ဟုတ်/မဟုတ်ကို သိလိုပါကြောင်း မေးမြန်းသည်။

၆၀။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က မနေ့က မနက် ၁၀ နာရီခန့်တွင် ဝမ်ဟိုင်း၌ ရဟတ်ယာဉ်တစ်စင်း ပစ်ခံရကြောင်း၊ ထိုရဟတ်ယာဉ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်သွားသည့် ရဟတ်ယာဉ်ဖြစ်ကြောင်း၊ ထိုရဟတ်ယာဉ်သည် SSPP နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံရန်သွားခြင်းဖြစ်ကြောင်း၊ အခြေအနေကောင်းကြောင်း၊ ပစ်သည်ဆိုရာတွင်လည်း ရဟတ်ယာဉ်က အနိမ့်ပျံသည့်အချိန်တွင် မြေပြင်၌ SSPP က လူနာသယ်သည့် အဖွဲ့တစ်ဖွဲ့ရှိနေကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သွားလုပ်သည်ကိုလည်း မည်သူမျှမသိကြောင်း၊ ထို့ကြောင့် ရဟတ်ယာဉ်က အနိမ့်ကဖြတ်ပျံလာသည့်အချိန် ၎င်းတို့က အောက်ကနေ ပစ်လိုက်ခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ်ရောက်သည့်အချိန်မှာပင် ၎င်းတို့ကလည်း ပစ်လိုက်မိသည်ကိုဝန်ခံပြီး တောင်းပန်ခဲ့ကြောင်း၊ ထို့နောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများလုပ်ခဲ့ကြောင်း၊ ဆွေးနွေးမှုများ အောင်မြင်မှုရှိကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# မြို့နယ်အချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား အကြမ်းဖက်သူများက ခြိမ်းခြောက်အနိုင်ကျင့် အကြမ်းဖက် သတ်ဖြတ်မှုများပြုလုပ်

**နေပြည်တော် မေ ၁၄**

အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြား စေရေးနှင့် အများပြည်သူလူထု အထိတ်တလန့်ဖြစ်စေရေးတို့အတွက် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်လျက်ရှိရာတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဆောက်အအုံများအား မီးပုလင်း၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်မီးရှို့ဖျက်ဆီးခြင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား အလုပ်ဝတ္တရားများ ဆောင်ရွက်၍မရစေရန် လူအုပ်စုဖွဲ့၍ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ဖမ်းဆီးချုပ်နှောင်၍ လူ့ဂုဏ်သိက္ခာထိခိုက်စေသည့် ကျူးလွန်မှုများ ဆောင်ရွက်သည့်အပြင် အချို့နေရာများ၌ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့အကြမ်းဖက်မှုများပြုလုပ်လျက်ရှိရာတွင် ယနေ့နံနက် ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဘုရားလှကျေးရွာနေ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးဇော်မြင့်သည် နေအိမ်တွင်ရှိနေစဉ် အမျိုးသားနှစ်ဦး (စိစစ်ဆဲ)က သေနတ်ဟုယူဆရသော လက်နက်အား ကိုင်ဆောင်၍ နေအိမ်အတွင်းသို့ ဝင်ရောက်လာကာ ဦးဇော်မြင့်ကို ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ခြင်း မပြုရန်၊ လုံခြုံရေးအဖွဲ့များကို သတင်းပေးမလုပ်ရန်နှင့် နေအိမ်ရှေ့တွင် ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူးမလုပ်ကြောင်း စာကပ်ထားရန် ခြိမ်းခြောက်ပြောဆိုကာ ဦးဇော်မြင့်နှင့် ၎င်းဇနီး၏ ဖုန်းနှစ်လုံးကို ယူဆောင်၍ နေအိမ်ရှေ့၌ သေနတ်ပစ်ဖောက်ကာ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၇ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် သဖန်းကုန်းကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးဥက္ကာသည် ၎င်း၏မိတ်ဆွေဖြစ်သူနှင့်အတူ နောင်ပိုအောင်ဈေးမှ ဈေးဝယ်ပြီး 3K/ 2148 Outlander မော်တော်ယာဉ်ဖြင့် နေအိမ်သို့ ပြန်လာခဲ့ရာ နေအိမ်ရှေ့အရောက်၌ အမျိုးသားလေးဦး (စိစစ်ဆဲ)က ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာကာ လက်နက် (စိစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့၍ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးဥက္ကာသည် နေရာတွင်သေဆုံးခဲ့သည်။ ၎င်း၏မိတ်ဆွေဖြစ်သူမှာ ဒဏ်ရာရရှိခဲ့သဖြင့် ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိသည်။

အထက်ပါဖြစ်စဉ်များမှ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား အကြမ်းဖက်ခြိမ်းခြောက်အကျပ်ကိုင်ခြင်းနှင့် ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခဲ့သူများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

# ဆူပူအကြမ်းဖက်သူများအနေဖြင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏အလစ်အငိုက်ကို အခွင့်ကောင်းယူကာ အဖျက်အမှောင့်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်

**နေပြည်တော် မေ ၁၄**

ဆူပူအကြမ်းဖက်သူများ အနေဖြင့် အကြမ်းဖက်မှုလုပ်ရပ်များကို တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်အချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကျည်စစ်၊ ကျည်မှန်နှင့် လက်ပစ်ဗုံးများဖြင့် လာရောက်ပစ်ခတ်ရန်ပြုခြင်း၊ အများပြည်သူသွားလာအသုံးပြုသည့် လမ်းများ၊ နေရာများ၌ လက်လုပ်ဗုံးများထောင်ထားခြင်း၊ အေးချမ်းစွာနေထိုင်သော ပြည်သူလူထုအချို့၏နေအိမ်များကို လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ခြင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ကို အခွင့်ကောင်းယူကာ ပြုမူဆောင်ရွက်လာကြသည်ကို တွေ့ရှိရသည်။

**လက်လုပ်မိုင်းပေါက်ကွဲ**

ထိုသို့လုပ်ဆောင်ရာတွင် မေ ၁၃ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) ရပ်ကွက် တကောင်း(၈)လမ်းပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သူအမျိုးသားတစ်ဦး (စိစစ်ဆဲ)က ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လမ်းမပေါ်သို့ ပစ်ပေါက်ခဲ့သော လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခြင်းဖြစ်ကြောင်း သိရှိရကာ အဆိုပါပေါက်ကွဲမှုကြောင့် လူ၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးသို့ အကြမ်းဖက်သူ အမျိုးသားသုံးဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးသုံးလုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးသုံးလုံးမှာ ရုံးရှေ့ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါ ပေါက်ကွဲမှုကြောင့် လူ၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ထို့အတူ မေ ၁၃ ရက် ည ၈ နာရီ ၁၅ မိနစ်တွင် ထားဝယ်မြို့ ဇရစ်ရပ်ကွက်ရှိ ကမ္ဘောဇရတနာဘဏ် ဘဏ်ခွဲ(၂)တွင် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို အလယ်လမ်းနှင့် ဈေးတောင်ဘက်လမ်းဆုံဘက်မှ အကြမ်းဖက်သူ အမျိုးသားနှစ်ဦး(စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်တစ်စီး ရောက်ရှိလာပြီး လက်နက်ငယ်ဖြင့် ငါးချက်ခန့် ပစ်ခတ်တိုက်ခိုက်ခဲ့ကာ ဈေးတောင်ဘက်လမ်းနှင့် ဒေါနလမ်းဆုံဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာတစ်ဝိုက်ကို ရှင်းလင်းရေးဆောင်ရွက်ခဲ့ရာ ဈေးတောင်ဘက်လမ်းပေါ်မှ အကြမ်းဖက်သူများ အသုံးပြုခဲ့သည့် 91 လက်ပစ်ဗုံးတစ်လုံး၊ ပွိုင့် 22 ကျည်နှစ်တောင့်နှင့် ၎င်းကျည်ခွံနှစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယနေ့ နံနက် ၄ နာရီတွင် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာနေ ဦးမောင်ငယ် (၅၄) နှစ် (ဘ) ဦးကြည်ရွှင်ပိုင်ဆိုင်သော မန္တလေး-မိုးကုတ်ကားလမ်းဘေးရှိ Golden Point လက်ဖက်ရည်ဆိုင်သို့ အကြမ်းဖက်သူလူတစ်စုက ဆိုင်အတွင်းဒီဇယ်များဖြင့် ပက်ဖျန်းကာ လက်လုပ်မိုင်းသုံးလုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့သည်။ အဆိုပါ လက်လုပ်မိုင်းများမှာ ဆိုင်အတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ၎င်းပက်ဖျန်းထားသော ဒီဇယ်ဆီများ မီးလောင်ခဲ့ကာ ဆိုင်အတွင်းရှိ ရေခဲသေတ္တာ၊ TV၊ ထိုင်ခုံများနှင့် အဆောက်အအုံမျက်နှာကြက်များ မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် အဆိုပါပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ထို့အတူ နံနက် ၄ နာရီခွဲတွင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနေ ဦးကျော်မင်းဦး (၄၀) နှစ် (ဘ) ဦးအုန်းနိုင်ပိုင်ဆိုင်သော “ဝါဝါအောင်”စတိုးဆိုင်ကို အကြမ်းဖက်သူလူတစ်စု (စိစစ်ဆဲ)က လက်လုပ်မိုင်းနှစ်လုံးဖြင့် လာရောက်ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါလက်လုပ်မိုင်းနှစ်လုံးအနက် တစ်လုံးမှာ ဆိုင်ရှေ့ကျရောက်ခဲ့ပြီး ပေါက်ကွဲမှုမရှိသော်လည်း ကျန်တစ်လုံးမှာ နေအိမ်အမိုးပေါ် ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါပေါက်ကွဲမှုကြောင့် ဦးကျော်မင်းဦးနှင့် ၎င်း၏ သားဖြစ်သူတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့၍ ဆေးဝါးကုသနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် အဆိုပါကျေးရွာရှိ ဦးမြင့်ဝင်း (၅၂) နှစ် (ဘ) ဦးသောင်းကြည်၏နေအိမ်ကို အကြမ်းဖက်သူလူတစ်စုက လက်လုပ်မိုင်းတစ်လုံးဖြင့် လာရောက်ပစ်ပေါက်ထွက်ပြေးသွားခဲ့၍ အဆိုပါ လက်လုပ်မိုင်းမှာ ဦးမြင့်ဝင်း၏ နေအိမ်အမိုးပေါ် ကျရောက်ပေါက်ကွဲခဲ့ပြီး အမိုးသွပ်ပေါက်ပြဲသွားခဲ့ကာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၇ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်အတွက် မော်တော်ယာဉ်နှစ်စီးဖြင့် ထွက်ခွာလာခဲ့ရာ နံနက် ၈ နာရီ ၅ မိနစ်တွင် မုံရွာမြို့ မြို့ဝင်ဂိတ်အနီးသို့ ရောက်ရှိခဲ့ပြီး ယာဉ်အားရပ်တန့်ရန်ပြုစဉ် အကြမ်းဖက်သူများ မြေကြီးအတွင်းမြှုပ်နှံထားသည့် လက်လုပ်မိုင်းသုံးလုံးပေါက်ကွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာကို ရှင်းလင်းဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ထို့အတူ နံနက် ၈ နာရီ ၃၅ မိနစ်တွင် မုံရွာမြို့ ရုံးကြီးရပ်ကွက် သစ်တောလမ်းရှိ စည်ပင်အမှိုက်ပုံးအနီး လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအမှိုက်ပုံးအနီး ပေါက်ကွဲပြီးသော လက်လုပ်ဗုံးအစများနှင့် မပေါက်ကွဲသေးသည့် လက်လုပ်ဗုံးတစ်လုံးတို့ တွေ့ရှိရသဖြင့် အသက်မဲ့ပြုလုပ်ခဲ့ရကြောင်း သိရသည်။

အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထု၏ အကျိုးကိုရှေးရှု၍ အထက်ပါဖြစ်စဉ်များတွင် အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားခံ ဝင်းဇော်ဦးနှင့် သက်သေခံပစ္စည်းများ

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၁၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

**ပစ္စည်းများလာရောက်ထုတ်ယူစဉ် ဖမ်းဆီးရမိ**

ထိုသို့ဖော်ထုတ်ဖမ်းဆီးရာတွင် မေ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွန်ခဲ့သည့် မေ ၈ ရက်က တာချီလိတ်မြို့နယ် မယ်ရမ်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ “ဒို့ညီနောင်” ခရီးသည်တင်ယာဉ်ပေါ်မှ လေသေနတ်ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိသည့်အမှုမှ သက်သေခံပစ္စည်းများကို ကားဂိတ်သို့ လာရောက်ပို့ဆောင်သူမှာ ဝင်းဇော်ဦး (၃၇) နှစ် (ဘ) ဦးစွယ်ဘွားဖြစ်ကြောင်းသိရှိရ၍ ယာဉ်လိုင်းများခေတ္တပိတ်ထားသဖြင့် ၎င်းပို့ဆောင်ထားသည့်ပစ္စည်းများကို ပြန်လည်လာရောက်ထုတ်ယူရန် ဖုန်းဖြင့်ဆက်သွယ်ခေါ်ယူခဲ့ရာ ဝင်းဇော်ဦးအား ပစ္စည်းများ လာရောက်ထုတ်ယူစဉ် ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် တာချီလိတ်မြို့နယ် ဝမ်မိုင်ကျေးရွာရှိ ဝင်းဇော်ဦး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ လေသေနတ်တစ်လက်၊ ဂက်စ်သေနတ်တစ်လက်၊ ဂက်စ်အိုးသုံးလုံး၊ ခဲသီးလေးလုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

**သိမ်းဆည်းရမိ**

အလားတူ မေ ၁၃ ရက် ည ၁၂ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ် အောင်ချမ်းသာရပ်ကွက်နေ အောင်ကျော်စိုး(၄၆) နှစ် (ဘ)ဦးတင်ဦး၏နေအိမ်ကို သတင်းအရဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင် အသင့်တွေ့ရှိထိန်းသိမ်းပြီး နေအိမ်အတွင်းမှ ဒိုင်းသုံးချပ်၊ ဓာတ်ဆီတစ်ဘူး၊ လေးခွတစ်လက်၊ ဖိုက်ဘာဦးထုပ်တစ်လုံး၊ ကျောက်စရစ်ခဲအလုံး ၃၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်အုပ်ချုပ်ရေး(Martial Law)အမိန့် ထုတ်ပြန်ထားရှိပြီး ကျူးလွန်မှုအလိုက် ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်များအတွင်း စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပြီးဖြစ်ရာ ကျူးလွန်မှုအလိုက် ပြစ်ဒဏ်များချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များအတွင်း ဖမ်းဆီးထိန်းသိမ်းခဲ့သည့် စိန်သောင်း၊ အောင်ပြည်ဖြိုး၊ စိုးသန်း၊ တင်ထွန်းနှင့် ကျော်သက်တို့အား စစ်ခုံရုံးဖွဲ့၍ စစ်ဆေးခဲ့ရာ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉-င ပါ ပြဋ္ဌာန်းချက်များအရ ပြစ်ဒဏ်ထိုက်သင့်သည့် ကိုင်ဆောင်ခွင့်မရှိဘဲနှင့် လက်နက်တစ်ခုခုကို စွဲကိုင်သွားလာမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် (၃) နှစ် အသီးသီးကျခံစေရန် ၂၀၂၁ ခုနှစ် မတ် ၁၉ ရက်က အမိန့်ချမှတ်ခဲ့သည်။

အလားတူ ရွှေပြည်သာမြို့နယ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် မင်းထက်(ခ) လင်းထက်ပိုင်နှင့် လှဝင်းတို့အား SOLAMODA အထည်ချုပ်စက်ရုံ အဆောက်အအုံအား မတ် ၁၆ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့မှုအတွက် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၃၆ အရ အလုပ်နှင့် ထောင်ဒဏ် နှစ်(၂၀) အားလည်းကောင်း၊ အောင်ထွန်း (ခ) ဆာမိ၊ အောင်သက်ပိုင် (ခ) ပီချေးနှင့် ဝင်းကိုကိုတို့အား ခိုးရာပါပစ္စည်းလက်ခံထားရှိမှုအတွက် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၁၄ အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်အားလည်းကောင်း၊ ကျော်သိန်းဝင်း (ခ) ကိုကိုဝင်း၊ သီဟ (ခ) ဆံရှည်၊ ရန်နိုင်နှင့် နိုင်မင်းတို့သည် မတ် ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၈ ရက်တို့တွင် ဆူပူအကြမ်းဖက်သူများနှင့်အတူ အော်ဟစ်ဆဲဆို ကြွေးကြော်ပြီး အစိုးရဝန်ထမ်းများအား ရုံးတာဝန်ဝတ္တရားများ ပျက်ကွက်စေရန် သွေးထိုးလှုံ့ဆော်မှုဖြင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က(ဂ)အရ အလုပ်နှင့်ထောင်ဒဏ်(၃)နှစ် ကျခံစေရန် စစ်ခုံရုံးဖွဲ့၍ စစ်ဆေးဆောင်ရွက်ခဲ့ကာ မတ် ၂၂ ရက်တွင် အမိန့်ချမှတ်ခဲ့သည်။

စစ်ခုံရုံးက ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား ပြစ်မှုထင်ရှားစီရင်ခံရပါက တည်ဆဲဥပဒေများနှင့်အညီ သေဒဏ် (သို့မဟုတ်) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ် (သို့မဟုတ်) သက်ဆိုင်ရာ ပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ် တစ်မျိုးမျိုးအားချမှတ်နိုင်ပြီး အဆိုပါဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိဘဲ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ခံရပါက ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ အတည်ပြုချက်နှင့် သေဒဏ်ချမှတ်ခံရပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်(၁) ဦးထွန်းညိုလမ်းရှိ Winco BAG အိတ်ချုပ်စက်ရုံအား မီးရှို့ခဲ့သည့်ဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဧပြီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ဇော်လွင်နှင့် ဇော်လင်းတို့သည် မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် စက်မှုဇုန်(၁) ဦးထွန်းညိုလမ်းရှိ Winco BAG အိတ်ချုပ်စက်ရုံအား မီးရှို့ခဲ့ခြင်းဖြင့် မီးဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၄၃၆ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ကို ဧပြီ ၅ ရက်တွင် အသီးသီးအမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါပြစ်ဒဏ်ချမှတ်ခံရသူ နှစ်ဦးအနက် ဇော်လင်းသည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

### အရေးယူဆောင်ရွက်သွားမည်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပ မြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေး အမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များ အတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လှိုင်သာယာ စက်မှုဇုန် (၁) မီးလောင်သည့် ဖြစ်စဉ်၌ ဖမ်းဆီးရမိသူ ဇော်လွင်။

## ရွှေပြည်သာမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား မီးရှို့ခဲ့သည့်ဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဧပြီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ မြို့နယ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် သန်းဝင်း၊ ရဲမြင့်ကျော်(ခ)ကိုရဲနှင့် စောထွန်းနိုင်(ခ) မဲကြီးတို့သည် မတ် ၂၃ ရက်တွင် အမှတ်(၁၃) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးအတွင်းရှိ စာအုပ်စင်တစ်ခု၊ စားပွဲခုံတစ်လုံးနှင့် ရုံးစာရွက်စာတမ်းများကို မီးရှို့ခဲ့ခြင်းဖြင့် မီးဖြင့်အကျိုးဖျက်ဆီးမှုကိုကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး မတ် ၃၀ ရက်တွင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၃၆ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် (၂၀) အသီးသီး အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။



သန်းဝင်း



ရဲမြင့်ကျော်(ခ)ကိုရဲ



စောထွန်းနိုင်(ခ) မဲကြီး

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာ မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် မြောက်ဥက္ကလာပ မြို့နယ်တို့၌ အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှုမဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေး အမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၁၄**


နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။**
**နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

■ စာမျက်နှာ ၂၆ မှ



ဒေါက်တာလျှန်းလင်းထွေးနှင့် ဒေါက်တာဗညား (ဗန်းမော်မြို့ ပြည်သူ့ဆေးရုံ ခုတင် - ၂၀၀) တို့အား ဆေးကုသခွင့်ပေးထားသည့် "စိန်သစ္စာ" ဆေးရုံအား တွေ့ရစဉ်။





ဒေါက်တာလျှန်းလင်းထွေးနှင့် ဒေါက်တာဗညား



ဒေါက်တာရန်နိုင်မိုး(ကလေးအထူးကု၊ လှိုင်ကော်ပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "မင်းသုခ" အထူးကုဆေးခန်းအား တွေ့ရစဉ်။



ဒေါက်တာရန်နိုင်မိုး

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်သူများအား ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁၄



ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေသတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ညောင်ရွှေမြို့နယ် ညောင်ဖြူကျေးရွာရှိ ဇော်ဝင်းလေး(ခ) ဝေဋ္ဌု(ဘ)ဦးဝင်းမောင်၏ နေအိမ်၌ တူမီးသေနတ် တစ်လက်၊ မီးပုလင်း ၂၆ လုံး၊ အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ခနုဖြူမြို့ မြို့ဝင်စစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့က ရန်ကုန်မြို့မှ ကြံခင်းမြို့သို့ ဇော်မျိုးထက် (ဘ)ဦးလှတင်မောင်းနှင်၍ စိုးမင်းဟန် (ဘ)ဦးချစ်လှ လိုက်ပါလာသည့် ရွှေတော်ဝင်မှန်လုံခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ရှိ စက္ကူပုံးအတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ လက်လုပ်ဗုံး တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ယမန်နေ့ မွန်းတည့် ၁၂ နာရီခန့်တွင် တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၈ ရက်က တာချီလိတ်မြို့နယ် မယ်ရမ်းပူးပေါင်း စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိသည့် "ဒို့ညီနောင်" ခရီးသည်တင် ယာဉ်ပေါ်မှ လေသေနတ် ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဝင်းဇော်ဦး (ဘ) ဦးစွယ်ဘွားက လာရောက်ထုတ်ယူစဉ် ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် တာချီလိတ်မြို့နယ် ဝမ်မိုင်ကျေးရွာရှိ ဝင်းဇော်ဦး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ လေသေနတ် တစ်လက်၊ ဂက်စ်သေနတ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ည ၁၂ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ် အောင်ချမ်းသာ ရပ်ကွက်နေ အောင်ကျော်စိုး (ဘ) ဦးတင်ဦး၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းကို နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မုံရွာမြို့ အလုံရပ်ကွက် မုံရွာ-ဂန့်ဂေါလမ်းဆုံ၌ မသင်္ကာဖွယ်ရာ အထုပ် တစ်ထုပ် တွေ့ရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ယနေ့ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အချင်း နှစ်လက်မ၊ အရှည် ၁၀ လက်မခန့်ရှိ လက်လုပ်မိုင်းတစ်လုံးအား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး အများပြည်သူများ အန္တရာယ်မဖြစ်စေရေး သက်မဲ့ ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက် လူစုလူဝေးများ ဖြိုခွဲထိန်းသိမ်း

နေပြည်တော် ဧပြီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)ရပ်ကွက် စပ်စံထွန်းလမ်း အမှတ်(၂)ဈေးထိပ်၌ ယနေ့ နံနက် ၁၀ နာရီတွင် ဆူပူအကြမ်းဖက်သူအင်အား ၂၀ ခန့်မှ ဆူပူအော်ဟစ်ကာ ဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရာ နံနက် ၁၀ နာရီတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူလူအုပ်စုအတွင်းမှ နေသူရိန် (ခ)စီးဖိန် (ဘ)ဦးစိုးနိုင်ပါ အမျိုးသား နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အလားတူ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်ကွက် ၇၇ လမ်းနှင့် အမှတ်(၉-ဘီ) လမ်းရှိ ရဲတပ်ဖွဲ့ဝင် တစ်ဦး၏ မိဘများနေထိုင်သော အိမ်ရှေ့သို့ ဦးဆောင်သူ(စိစစ်ဆဲ)ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၃၀ ခန့်မှ ဆိုင်ကယ် ၁၅ စီးဖြင့်ရောက်ရှိလာကာ ဒလန်အိမ်ဟု ပြောဆိုစွပ်စွဲကာ အော်ဟစ်ဆဲဆို ဆူပူသောင်းကျန်းနေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ ၄ နာရီ ၅၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ ဖြိုးနိုင်ဇင်လတ် (ဘ) ဦးမင်းဆွေလတ်ပါ အမျိုးသား သုံးဦးကို ဆိုင်ကယ် တစ်စီး၊ WY စာတန်းပါ



ဖြိုးနိုင်ဇင်လတ်ပါ အမျိုးသား သုံးဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိစဉ်။

စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြား၊ မီးခြစ် တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ခေတ်သစ် နယ်ချဲ့
အလိုကျ ရူးရူးနှမ်းနှမ်း
လိုက်ပါမိရင် ဘဝတွေ
ကြွေလွင့်ကြရမယ်။
မကောင်းမှုရှောင်ကာ
ကောင်းမှုဆောင်နိုင်
ကြပါစေ။ စိတ်ဖြူ
နှုတ်ဖြူ - အလုပ်ဖြူတဲ့
လူငယ်တွေ။




# ရှက်ဖီးလ်ယူနိုက်တက်အသင်း တိုက်စစ်မှူး ဘီလီရှပ် ရာသီကုန်အထိ အနားယူရမည်

ပရီမီယာလိဂ်ကလပ် ရှက်ဖီးလ်ယူနိုက်တက်အသင်းရဲ့ တိုက်စစ်မှူး ဘီလီရှပ်ဟာ ပေါင်ဒဏ်ရာခွဲစိတ်ကုသမှု ခံယူနေရတာကြောင့် အခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရမှာဖြစ်တယ်လို့ သိရပါတယ်။

ရှက်ဖီးလ်ယူနိုက်တက်အသင်းဟာ လက်ရှိပရီမီယာလိဂ်ပြိုင်ပွဲမှာ ၃၁ ပွဲကစားပြီး ကစားဖို့ ခုနစ်ပွဲကျန်ရှိနေချိန်မှာ ရမှတ်စုစုပေါင်း ၁၈ မှတ်သာရရှိထားတာကြောင့် အမှတ်ပေးဇယားအောက်ဆုံးနေရာကို ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဘီလီရှပ်ဟာ မတ် ၁၄ ရက်က လက်စတာစီးတီးအသင်းကို ငါးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်အပြီး လေ့ကျင့်ရေးဆင်းချိန်မှာ ပေါင်ဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး ဘီလီရှပ်ဟာ အခုနှစ်ဘောလုံးရာသီမှာ ရှက်ဖီးလ်ယူနိုက်တက်အသင်းနဲ့အတူ သွင်းဂိုးသုံးဂိုး သွင်းယူပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဘီလီရှပ်ဟာ ဖေဖော်ဝါရီလအတွင်းက ဘရစ္စတိုးစီးတီးအသင်းကို ရှက်ဖီးလ်ယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် လက်ရှိမှာ ပရော်ဖက်ရှင်နယ် ကစားသမားဘဝတစ်လျှောက် သွင်းဂိုးစုစုပေါင်း ၂၄၉ ဂိုးအထိရှိသွားပြီဖြစ်ပြီး ဒဏ်ရာမှ ပြန်လည်သက်သာလာကာ အသင်းနဲ့အတူ ပြန်လည်ပါဝင်လာနိုင်ချိန်တွင် သွင်းဂိုး ၂၅၀ ပြည့်မြောက်ဖို့ ရှိနေတာဖြစ်ပါတယ်။ **ငွေကြယ်**



အနုပညာ

# ဗြိတိန်အကယ်ဒမီဆုရရှိခဲ့တဲ့ ပထမဆုံးသော တောင်ကိုရီးယားမင်းသမီး ယွန်ယိုဂျန်



ဗြိတိန်ရဲ့ အနုပညာထူးချွန်ဆုပေးပွဲဖြစ်တဲ့ BAFTA (British Academy of Film and Television Arts) ဆုပေးပွဲကို လတ်တလောမှာ ဗာကျူရယ်စနစ်ဖြင့် ပြုလုပ်ခဲ့ပြီး အဆိုပါ အကယ်ဒမီဆုပေးပွဲမှာ တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်တဲ့ ယွန်ယိုဂျန်က အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ဆွတ်ခူးခဲ့ပါတယ်။ ဒါကြောင့် သူဟာ တောင်ကိုရီးယားမင်းသမီးတွေအနက် ဗြိတိန်အကယ်ဒမီဆုကိုရရှိခဲ့တဲ့ ပထမဆုံးသော အမျိုးသမီးဖြစ်လာခဲ့ကြောင်း စွန်ပီဒေါ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁၁ ရက်မှာ BAFTA ဆုပေးပွဲကို လန်ဒန်မှာရှိတဲ့ ရွိုင်ယယ်အဲလ်ဘာ့ထ်ခန်းမကနေ ဗာကျူရယ်စနစ်နဲ့ ထုတ်လွှင့်ပြသခဲ့တာဖြစ်ပါတယ်။ အဆိုပါ ဆုပေးပွဲမှာ ယွန်ယိုဂျန်ဟာ သူနဲ့အပြိုင် ဆန်ခါတင်စာရင်းဝင်ထားတဲ့ မင်းသမီးတွေကို ကျော်ဖြတ်ကာ ယခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ယွန်ယိုဂျန်ဟာ Minari ရုပ်ရှင်နဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု ရရှိခဲ့တာဖြစ်ပြီး သူဟာ တောင်ကိုရီးယားသရုပ်ဆောင်တွေအနက် ဗြိတိန်အကယ်ဒမီဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော သရုပ်ဆောင်တစ်ဦးအဖြစ်လည်း မှတ်တမ်းတင်ခဲ့ပြီဖြစ်ပါတယ်။

အဆိုပါ ထူးချွန်ဆုကို လတ်တလောမှာ အသက် (၇၃)နှစ် အရွယ်ရှိပြီဖြစ်တဲ့ ယွန်ယိုဂျန်က ဗာကျူရယ်စနစ်နဲ့ လက်ခံခဲ့ပြီး ထူးချွန်ဆုရရှိခဲ့တဲ့အပေါ် အမှတ်တရစကားကိုလည်း အင်္ဂလိပ်လို ပြောကြားခဲ့ပါတယ်။ ဒီလို ပြောကြားရာမှာ ယွန်ယိုဂျန်က ဗြိတိန်မင်းသား ဖိလစ်ကွယ်လွန်ခဲ့တဲ့အပေါ် ဝမ်းနည်းကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒါ့အပြင် သူက အဆိုပါထူးချွန်ဆုရရှိခဲ့တဲ့အပေါ် အလွန်ပင်အံ့ဩမိကြောင်းနဲ့ အဆိုပါ ထူးချွန်ဆုဟာ ဗြိတိန်ပရိသတ်တွေ ရွေးချယ်ပေးတဲ့ ဆုဖြစ်တာကြောင့် သူ့အတွက် အဓိပ္ပာယ်ပိုမိုပြည့်စုံခဲ့ရကြောင်းလည်း ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

# အချစ်ဟောင်းရဲ့ ထိန်းချုပ်မှုတွေခံနေရဆဲဖြစ်တဲ့ ကင်ဂျန်ယွန်း

တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်သူ ကင်ဂျန်ယွန်းဟာ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုမှာ ပါဝင်သရုပ်ဆောင်ရင်းက သူ့အနေနဲ့ ဇာတ်ဝင်ခန်းအချို့ရိုက်ကူးခဲ့တာနဲ့ပတ်သက်ပြီး ပရော်ဖက်ရှင်နယ်မပီသကြောင်း ထောက်ပြပြောဆိုတာတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဒီလိုဖြစ်ရတာဟာလည်း သူ့ရဲ့ချစ်သူဟောင်းဖြစ်တဲ့ မင်းသမီး ဆိုရယ်ဂျီနဲ့ ပတ်သက်နေကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယားဇာတ်လမ်းတွဲရုပ်ရှင် Crash Landing On You မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသား ကင်ဂျန်ယွန်းဟာ အဆိုပါ ဇာတ်လမ်းတွဲမှာ သူနဲ့တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ မင်းသမီး ဆိုဂျီဟေးနဲ့ ချစ်သူတွေဖြစ်နေကြောင်း ဒေသတွင်းမီဒီယာတွေက ရေးသားဖော်ပြခဲ့ပြီးနောက် မကြာမီမှာပဲ အေဂျင်စီတွေဘက်က အဆိုပါ သတင်းတွေဟာ မှန်ကန်မှုမရှိကြောင်း တုံ့ပြန်ခဲ့ပါတယ်။

လက်ရှိမှာတော့ ကင်ဂျန်ယွန်းနဲ့ သူ့ရဲ့အချစ်ဟောင်း မင်းသမီး ဆိုရယ်ဂျီနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပေါ်ထွက်လာခဲ့ပါတယ်။ ကင်ဂျန်ယွန်းဟာ ၂၀၁၈ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Time မှာ ပါဝင်သရုပ်ဆောင်ခဲ့ရင်း နောက်ပိုင်းမှာ အဆိုပါဇာတ်လမ်းတွဲကနေ နုတ်ထွက်ခဲ့ရပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဒေသတွင်းမီဒီယာတစ်ခုဖြစ်တဲ့ ဒစ်ပက်ချ်က ထုတ်ဖော်ရေးသားရာမှာ အဆိုပါအကြောင်းအရာတွေရဲ့ နောက်ကွယ်မှာ ဆိုရယ်ဂျီပါဝင်နေတယ်လို့ သိရပါတယ်။





ဆိုရယ်ဂျီဟာ Time ဇာတ်လမ်းတွဲရုပ်ရှင်မှာ ကင်ဂျန်ယွန်းနဲ့အတူ တွဲဖက်သရုပ်ဆောင်ထားတဲ့ မင်းသမီး ဆိုးယွန်နဲ့ ကင်ဂျန်ယွန်းတို့ရဲ့ ဇာတ်ဝင်ခန်းတွေကို ပြန်လည်ပြင်ဆင်တာတွေလုပ်ခဲ့ပါတယ်။ ကင်ဂျန်ယွန်းနဲ့ ဆိုးယွန်တို့နှစ်ယောက်တွေ့ဆုံချိန်တွေမှာ တစ်ယောက်နဲ့တစ်ယောက်ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မှုတွေရှိနေတဲ့ ဇာတ်ဝင်ခန်းတွေကို ဆိုရယ်ဂျီက ထိတွေ့မှုမရှိအောင် ပြန်လည်ပြင်ဆင်ခဲ့ပါတယ်။ မင်္ဂလာပွဲမှာတောင် ကင်ဂျန်ယွန်းနဲ့ ဆိုးယွန်တို့ဟာ လက်ချင်းတွဲကာ လျှောက်လှမ်းခဲ့ခြင်းမရှိတာ တွေ့ရပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲရိုက်ကူးရေးဘက်က ပြောကြားချက်အရ ကင်ဂျန်ယွန်းဟာ ဇာတ်ညွှန်းပြင်ဆင်ဖို့ မကြာခဏတောင်းဆိုလေ့ရှိတယ်လို့လည်း သိရပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ကင်ဂျန်ယွန်းနဲ့ ဆိုရယ်ဂျီတို့ အပြန်အလှန်ပေးပို့ထားတဲ့ မက်ဆေ့ချ်တွေကိုလည်း ဒစ်ပက်ချ်က ထုတ်ဖော်ထားတာကို တွေ့ရပါတယ်။ဒီလိုသတင်းတွေ မီဒီယာပေါ်မှာ ပေါ်ထွက်ခဲ့ပြီးနောက် ဆိုရယ်ဂျီအမည်နဲ့ ဖွင့်ထားတဲ့ လူမှုကွန်ရက်မီဒီယာတွေကို ဖျက်ပစ်ခဲ့တာ တွေ့ရပါတယ်။ ဒါပေမယ့် မင်းသမီးဘက်က သူ့အနေနဲ့ လက်ရှိအချိန်အထိ လူမှုကွန်ရက်မီဒီယာကို အသုံးပြုခြင်းမရှိကြောင်း၊ ယခုဖျက်ပစ်ခဲ့တဲ့ အကောင့်တွေဟာလည်း သူဖွင့်လှစ်ထားတဲ့အကောင့်တွေမဟုတ်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။

ဒီလိုသတင်းမျိုးမထွက်ပေါ်မီကလည်း ဆိုရယ်ဂျီဟာ ကျောင်းတွင်းအနိုင်ကျင့်မှုတွေပြုလုပ်ခဲ့ကြောင်း သတင်းတွေ ထွက်ခဲ့ပါတယ်။ မင်းသမီးနဲ့ ရင်းနှီးပြီး သူနဲ့အချိန်အတော်ကြာ တွဲဖက်လုပ်ကိုင်ခဲ့တဲ့ သူ့ရဲ့ဝန်ထမ်းတစ်ဦးက ဆိုရယ်ဂျီရဲ့ အမူအကျင့်နဲ့ပတ်သက်ပြီး ကာကွယ်ပြောဆိုခဲ့ပေမယ့် ဆိုရယ်ဂျီဟာ လက်ရှိမှာ သူပါဝင်ရိုက်ကူးနေတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ကနေ နုတ်ထွက်ခဲ့ရပြီး အလှကုန်နဲ့ အခြားအသုံးအဆောင်အမှတ်တံဆိပ်တွေကလည်း ဆိုရယ်ဂျီနဲ့ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုဖျက်သိမ်းကာ ကြော်ငြာတွေမှာလည်း သူပါဝင်တဲ့ အပိုင်းတွေကို ပြန်လည်တည်းဖြတ်ခဲ့ပါတယ်။ အချို့သော အမှတ်တံဆိပ်တွေကလည်း ဆိုရယ်ဂျီကို ကိုယ်စားလှယ်အဖြစ်ကနေ ရုပ်သိမ်းခဲ့ပြီး စပွန်ဆာပေးနေတဲ့ ကုမ္ပဏီတွေကလည်း ထောက်ပံ့မှုတွေ ဆက်လက်လုပ်ဆောင်ခြင်းမရှိတော့ကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅

(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း - ၀၉ - ၄၃၀၂၇၃၃၇၊ ၀၉ - ၄၃၀၁၉၁၆၂
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း - ၀၉ - ၄၃၀၃၆၀၃၀၊ ၀၉ - ၄၂၀၁၁၄၀၀၅၊ ၀၉ - ၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း - ၀၉ - ၄၅၀၀၂၅၁၄၅၊ ၀၉ - ၅၁၆၆၅၄၃၊ ၀၉ - ၄၂၀၁၃၆၉၆၀
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း - ၀၉ - ၂၀၅၁၆၈၃၊ ၀၉ - ၆၉၆၀၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း - ၀၉ - ၂၅၄၄၃၆၆၃၀၊ ၀၉ - ၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း - ၀၉ - ၂၅၀၂၀၄၆၅၁၊ ၀၉ - ၄၂၂၂၀၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း - ၀၉ - ၆၈၇၉၀၂၇၁၇၊ ၀၉ - ၆၇၃၄၅၄၄၃၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း - ၀၉ - ၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း - ၀၉ - ၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း - ၀၉ - ၉၇၅၃၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း - ၀၉ - ၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း - ၀၉ - ၂၅၉၀၈၅၈၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း - ၀၉ - ၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း - ၀၉ - ၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့် ပေးပို့၍လည်း ကြော်ငြာများ ထည့်သွင်းနိုင်ပါသည် -

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း၊ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

5% Discount

အမြန်ဆုံး ရယူလိုက်ပါ

နေ့စဉ် သတင်းမှန်၊ အမြင်မှန်၊ တကယ်အချက်အလက်မှန်များကို

မှန်မှန် မြန်မြန် သိလိုပါသလား?

မြန်မာ့အလင်း Myanma Alinn Daily
ကြေးမုံ The Mirror Daily
The Global New Light of Myanmar

ဖတ်ရှုနိုင်ပါပြီ။



ဆက်သွယ် မှာယူနိုင်ပါသည်-

မြန်မာ့အလင်း 09-43036030, 09-448042214, 09-420145613

ကြေးမုံ 09-450025145, 09-450025570, 09-773094931

The Global New Light of Myanmar
09-250204653, 09-770677513, 09-983924991

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်(တောင်သာ)
### အသက်(၉၆)နှစ်

တောင်သာမြို့၊ အုန်းပင်တောကျေးရွာနေ (ဦးကျော်မြ)၏ဇနီး၊ ဦးမောင်နု (MD–Tun Oo Khin Co., Ltd)–ဒေါ်ခင်ဝါတို့၏မိခင် ဒေါ်တင်သည် ၁၄–၄–၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**RIT– 85/86**

**EP/EC သူငယ်ချင်းများ**

## ဦးတင်အောင် (တောင်စွန်း)
### အသက် (၈၆)နှစ်
### ယခင်ရန်ဒေးဒီးယားကျောင်းသားဟောင်း

မွန်ပြည်နယ်၊ ဘီးလင်းခရိုင်၊ တောင်စွန်းကျေးရွာနေ (ဦးMS မင်နန်–ဒေါ်ဖွားမေ)တို့၏သား၊ (ဦးဂိုလ်ဝင်သာနားယား–ဒေါ်သဲမြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်လမ်း၊ အမှတ် (၂၆)နေ ဒေါ်မြသိန်း၏ ခင်ပွန်း၊ ဒေါ်စန်းစန်းဦး၊ ဒေါ်အေးအေးလွင် (ခါတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်သူ–PSI)၊ ဦးကိုကိုနိုင်၊ ဒေါ်ချိုချိုလွင်၊ ဒေါ်သီသီလွင်၊ ဦးသိန်းမင်းစိုး–ဒေါ်သီတာမင်းမင်းတို့၏ ချစ်လှစွာသောဖခင်၊ ဦးကျော်ဝင်းထွန်း၏ ချစ်လှစွာသောဘကြီး၊ မသိမ့်သင်ဇာစိုး (Grade–10, အ.ထ.က–၁၊ ဒဂုံ)၏ ချစ်လှစွာသောအဘိုးသည် ၁၃–၄–၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆–၄–၂၀၂၂ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## လူပျောက်ကြော်ငြာ

ဒလမြို့နယ်၊ သပြေကုန်းရွာ၊ ဗိုလ်ဥတ္တမကွင်းပတ်လမ်း၊ အမှတ် (၀၅၉)နေ ဦးကျော်လွင်–ဒေါ်ခင်လေးမြင့်တို့၏ သမီးဖြစ်သူ၊ ကိုကျော်စွာဟိန်း၏ဇနီး မငြိမ်းငြိမ်းအိသည် နေအိမ်မှ ၁၀–၄–၂၀၂၂ရက် (စနေနေ့)တွင် ထွက်သွားရာ ပြန်မလာပါသဖြင့် အမြန်ဆုံး ပြန်လာရန်။ လက်ခံထားသူကို ထိရောက်စွာ တရားစွဲဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ခင်ပွန်း**
**ကိုကျော်စွာဟိန်း**
**[၁၂/ကမန(နိုင်)၀၉၀၆၅၁]**
**ဖုန်း–၀၉–၆၈၉၉၉၃၃၆၀**

## ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ လမ်းဦးစီးဌာနမှ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်) ချဉ်းကပ်လမ်းတည်ဆောက်ရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊လမ်းဦးစီးဌာန၊ ဖြူးမြို့နယ်ရှိ ဖြူး–အုတ်ဖြတ်–မုန်းလမ်း၊ မိုင်တိုင် (၁၂/၄)ရှိ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)ချဉ်းကပ်လမ်းတည်ဆောက်ရန်အတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ပစ္စည်းတင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | – | ၂၀–၄–၂၀၂၂ရက်(အင်္ဂါနေ့) |
| ပစ္စည်းတင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေရာ | – | (လမ်းဦးစီးဌာန၊ တောင်ငူခရိုင်) |
| ပစ္စည်းတင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | – | ၂၆–၄–၂၀၂၂ရက်(တနင်္လာနေ့) (၁၆:၃၀)နာရီ |
| ပစ္စည်းတင်ဒါ (P.O)နောက်ဆုံး တင်သွင်းရမည့်ရက် | – | ၂၆–၄–၂၀၂၂ရက်(တနင်္လာနေ့) (၁၆:၃၀)နာရီ |
| ပစ္စည်းတင်ဒါဖွင့်လှစ်မည့် နေ့ရက်/အချိန် | – | ၃–၅–၂၀၂၂ရက်(တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ |
| ပစ္စည်းတင်ဒါဖွင့်လှစ်မည့် နေ့ရက်/နေရာ | – | ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန အစည်းအဝေးခန်းမ၊ ပဲခူးမြို့။ |

အသေးစိတ်သိရှိလိုပါက ၂၀–၄–၂၀၂၂ရက်မှ ၂၆–၄–၂၀၂၂ရက်အထိ ရုံးချိန်အတွင်း တောင်ငူခရိုင်၊ လမ်းဦးစီးဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရမည့်ဖုန်းနံပါတ်–၀၅၄–၂၃၇၂၅၊ ၀၅၄–၂၃၆၉၅

**ပစ္စည်းတင်ဒါကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**




## တော
## တောင်
## ပျက်ပြုန်း
## မြေဆီ
## သုဉ်း၏

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊အမှတ်(၇)၊ပထပ်၊သုခဖြတ်လမ်း၊ အောင်ချမ်းသာရပ်ကွက် ဟုခေါ်တွင်သော ပေ(၂၅×၄၈)ရှိတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့ကိုတရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သူ တိုက်ခန်း ပိုင်ရှင် ဒေါ်ဝင်းတင်(၁၂/စခန(နိုင်)၀၀၉၀၄၉)ထံ မှကျွန်ုပ် ဦးမင်းသိမ်း (၁၂/ ဗတထ(နိုင်)၀၁၇၅၃၁)က အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် စရန် ငွေပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှ စ၍ ၇ ရက် အတွင်း (မူရင်း) များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော် လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံး သည် အထိ ဆောင်ရွက် သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

ဦးမင်းသိမ်း
၁၂/ဗတထ(နိုင်)၀၁၇၅၃၁
၀၉ ၄၃၁၀၇၅၉၃




## မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## ပခုက္ကူမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း(တတိယအကြိမ်)
### ၁၃၈၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်
### ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၂ ရက်

၁။ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ | Lot No |
|---|---|---|---|
| ၁ | ခန်တောမြောင်းအုတ်ရေမြောင်းချဲ့ခြင်းနှင့် မြောင်းဖြတ်တံတား(၁၁)စင်းပြုလုပ်ခြင်း (ပန်းတဉ်းလမ်းထိပ်မှ မြစ်ဝထိ)<br>– အုတ်ရေမြောင်း<br>– မြောင်းဖြတ်တံတား | ၂၄၄၂'x၄'x $\frac{၃'–၆''x၆'–၃''}{၂}$<br>၂၄၅'x၆'–၃'' | Lot 1 |
| ၁ | ရုံးအဆောက်အဦဆောက်လုပ်ခြင်း | (၆၀'x၄၅'x၂၂')+ (၂၀'x၁၀'x၂၂') | Lot 2 |
| ၁ | မြို့ရေပေးရေးလုပ်ငန်းအတွက် ၁၀'ø ၅၀၀' စက်ရေတွင်းတူးဖော်ခြင်း | ၂ တွင်း ၁၀'ø၅၀၀' | Lot 3 |

၂။ တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | – | ၂၀–၄–၂၀၂၂(အင်္ဂါနေ့) (၁၀:၀၀)နာရီ |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | – | ၅–၅–၂၀၂၂(ဗုဒ္ဓဟူးနေ့) (၁၆:၃၀)နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | – | ပြည်သာယာခန်းမ၊ ပခုက္ကူမြို့ |

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် (၂၀–၄–၂၀၂၂)ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက်အား ထပ်မံကြော်ငြာပါမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် (၀၆၂– ၂၂၁၉၁၊ ၀၆၂–၂၁၄၉၉၊ ၀၆၂–၂၁၀၆၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**



# မဟာသင်္ကြန်အကျနေ့ ငပလီကမ်းခြေတွင် လာရောက်အပန်းဖြေကြသူများဖြင့် အထူးစည်ကား

**သံတွဲ ဧပြီ ၁၄**

ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ငပလီကမ်းခြေ၌ မဟာသင်္ကြန် အကျနေ့တွင် အနယ်နယ် အရပ်ရပ်မှ လာရောက်၍ အပန်းဖြေ အနားယူသူများ၊ ရေကူးကြသူများ၊ ဈေးရောင်းသူများဖြင့် စည်ကားလျက် ရှိကြောင်း သိရသည်။

ငပလီကမ်းခြေသို့ အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသည့် ခရီးသွား ဧည့်သည်များ တည်းခိုနေထိုင်ရေး အဆင်ပြေစေရန်အတွက် ကမ်းခြေရှိ ဟိုတယ်များ၊ တည်းခိုခန်းများနှင့် စားသောက်ဆိုင်များကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ် ထားကြောင်း သိရသည်။

ငပလီကမ်းခြေကို ယခင်နှစ် သင်္ကြန် ကာလမှစ၍ ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားခဲ့သည့်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ စားသောက်ဆိုင် လုပ်ငန်းများကိုပါ ပိတ်သိမ်းထားခဲ့ရပြီး ယခုနှစ်တွင်မှ ကမ်းခြေနှင့်အတူ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ငပလီကမ်းခြေသည် သံတွဲမြို့မှ လေးမိုင်ကျော်ကွာဝေးပြီး ကမ္ဘာကျော် ကမ်းခြေတစ်ခုဖြစ်ကာ ပြည်တွင်း ပြည်ပ ခရီးသွားများအနေဖြင့် အထူးစိတ်ဝင်စား ကြသည့် ကမ်းခြေတစ်ခုဖြစ်ကြောင်း သိရသည်။ ခရိုင်ပြန်/ဆက်



သံတွဲမြို့ ငပလီကမ်းခြေ၌ မဟာသင်္ကြန်အကျနေ့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ချယ်လ်ဆီးအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း




ချယ်လ်ဆီးအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်မှာ ပြိုင်ဘက်အသင်းတွေကို အနိုင်ရရှိပြီး ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်ကို အသီးသီးတက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ ပေါ်တိုအသင်းတို့ ဧပြီ ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ဒုတိယ အကျော့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ပထမအကျော့မှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိထားတာကြောင့် နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိကာ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

ပေါ်တိုအသင်းက ဧပြီ ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ဒုတိယအကျော့မှာ ပွဲကစားချိန် မိနစ် ၉၀ မှာ တာရီမီသွင်းယူခဲ့တဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ ချယ်လ်ဆီး အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့တာကြောင့် လက်ရှိမှာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်ကို ရှစ်ကြိမ်မြောက် တက်လှမ်း ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ရဲ့ အခြားသော ပွဲစဉ်ဖြစ်တဲ့ ပီအက်စ်ဂျီအသင်းနဲ့ ဘိုင်ယန်မြူးနစ် အသင်းတို့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းက ပီအက်စ်ဂျီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင် ရရှိခဲ့တာဖြစ်ပါတယ်။ ပထမအကျော့မှာ ပီအက်စ်ဂျီအသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိထားတာကြောင့် နှစ်ကျော့ပေါင်း ရလဒ်တစ်ဖက်သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် အဝေးဂိုးစည်းမျဉ်းအရ ပီအက်စ်ဂျီ အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ရရှိကာ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တွေကို ဧပြီ ၂၇ ရက်နဲ့ မေ ၄ ရက်တို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ငွေကြယ်

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေး ဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင် များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁)ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည် ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ပြုလုပ်ပါက တည်ဆဲ ဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

ကြေးမုံ ယနေ့ ဖတ်စရာ

အာဃာတအမုန်းတရားများ ကုန်ဆုံးသည့်တစ်နေ့
စာမျက်နှာ » ၆

အားလုံးစည်းလုံးညီညွတ်ဖို့ အချိန်တန်ပါပြီ
စာမျက်နှာ » ၁၀

ကိုယ်ကျင့်သိက္ခာဆေးကောင်းဖြင့် ကုစားရုံမှတစ်ပါး အခြားမရှိ
စာမျက်နှာ » ၁၅